# ကြေးမုံ
The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 21 September 2022 ၁၀၈၆၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မျိုးဆက်သစ်လူငယ်များ၏ နှလုံးသားတွင် မိမိတို့ရိုးရာ၊ ယဉ်ကျေးမှုနှင့် အနုသုခုမများကို မြတ်နိုးခုံမင်စွာလေ့လာလိုက်စားပြီး အနာဂတ်ကာလများတိုင် ပခုံးပြောင်းလက်ဆင့်ကမ်း သယ်ဆောင်သွားလိုစိတ်များ ကိန်းအောင်းရှင်သန်စေရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် တားဆီးရေးဆိုင်ရာ စည်းကမ်းချက်များနှင့် အညီ ကျင်းပရာ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။


**ယနေ့ ဖတ်စရာ**

**လာမည့် ပညာသင်နှစ်မှစ၍ ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်း ၅၀ တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပေါင်းစည်း အထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်မည်** စာမျက်နှာ » ၅

**ချစ်ကြည်ရင်းနှီးမှုမှသည် ပန်းတိုင်ဆီသို့** ဆောင်းပါး စာမျက်နှာ » ၆၊ ၇

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၁၀၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၉၉ ဦးတွေ့ရှိ** စာမျက်နှာ » ၁၂

**မက္ကဆီကိုနိုင်ငံ၌ ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်** စာမျက်နှာ » ၁၃


## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၂၀

| | | | | | |
|---|---|---|---|---|---|
| မာန်အောင် | ၂ | ဒသမ | ၄၈ | လက်မ |
| ရသေ့တောင် | ၂ | ဒသမ | ၂၈ | လက်မ |
| ရမ်းဗြဲ | ၂ | ဒသမ | ၀၆ | လက်မ |
| ဘိုကလေး | ၁ | ဒသမ | ၈၀ | လက်မ |
| ဖြူး | ၁ | ဒသမ | ၆၉ | လက်မ |
| ကျောက်ဖြူ | ၁ | ဒသမ | ၆၆ | လက်မ |
| ရွှေကျင် | ၁ | ဒသမ | ၅၄ | လက်မ |

ကြေးမုံ

# အစားအစာများဘေးကင်းရေးဆောင်ရွက်

ပြည်သူများ နေ့စဉ်စားသောက်နေထိုင်မှုဘဝ၌ အစားအသောက်များ ဘေးကင်းလုံခြုံရေးသည် အရေးပါသည့်အချက်ဖြစ်သည်။ လူတို့အသက်ရှင်နေထိုင်ရေးအတွက် နေ့စဉ်စားသောက်နေကြသောအခါ၌ သန့်ရှင်းလတ်ဆတ်သော အစားအသောက်များ စားသောက်ရန်အရေးမှာ အလွန်ကျယ်ပြန့်သောကိစ္စဖြစ်သည်။ မျက်မှောက်ကာလတွင် ပြည်သူများအနေဖြင့် စားသောက်ကုန်ဈေးနှုန်းများကြီးမြင့်မှုကြောင့် သန့်ရှင်းကောင်းမွန်သော အစားအသောက်များရွေးချယ်ရေးထက် ဈေးနှုန်းသက်သာသော အစားအသောက်များ ရွေးချယ်လာခြင်းသည် ကျန်းမာရေးကို ထိခိုက်စေသောအကြောင်းအချက်များဖြစ်လာသည်။

ကုန်ထုတ်လုပ်သူများအနေဖြင့် အမြတ်အစွန်းရရှိရေးကို အလေးထားဆောင်ရွက်ရာ၌ စားသုံးသူပြည်သူများ အာဟာရပြည့်ဝခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ခြင်းနှင့် လုံခြုံစိတ်ချဘေးကင်းသော အစားအစာများဖြစ်စေရေးကို အလေးမထားမှုများလည်းရှိလာသည်။ မြန်မာနိုင်ငံတွင် အစားအသောက်ဥပဒေကို ပြဋ္ဌာန်းထားပြီး အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ရေးကော်မတီက ကျန်းမာရေးနှင့်ညီညွတ်သည့် ဆေးဝါး၊ အစားအစာများကို ပြည်သူများ စားသုံးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ပြီးခဲ့သည့်ရက်ပိုင်းက ပြည်သူများ စားသုံးရန်မသင့်သည့် အစားအစာနမူနာများစာရင်းကို အသိပေးထုတ်ပြန်ခဲ့သည်။

အဆိုပါအစားအစာနမူနာများသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ဓာတ်ခွဲစစ်ဆေးခဲ့သော အစားအစာများအနက်မှ ပြည်သူများစားသုံးရန်မသင့်သည့် အစားအစာများဖြစ်သည်။ အဆိုပါအစားအစာများတွင် ကလေးသူငယ်များနှင့် လူငယ်များ အများဆုံးစားသုံးလေ့ရှိသည့် မုန့်ပဲသရေစာများဖြစ်နေသည်ကို တွေ့ရသည်။ အဆိုပါအစားအစာများတွင် ဓာတုပစ္စည်းများ သတ်မှတ်ထားသည့် ပမာဏထက် ပိုမိုပါရှိခြင်း၊ ခွင့်မပြုဆိုးဆေးများ အသုံးပြုထားခြင်း၊ အဏုဇီဝ သတ်မှတ်ချက်နှင့် မကိုက်ညီခြင်း စသည်တို့ပါဝင်နေသဖြင့် ပြည်သူများကို အသိပေးကာတားမြစ်ခဲ့သည်။ ထို့အပြင် ယခုကာလ၌ သတ်မှတ်ရက်လွန် အစားအစာများကိုလည်း သတိထားရမည်ဖြစ်သည်။ မိုးရာသီကာလဖြစ်၍ မုန့်ပဲသရေစာအစားအစာများတွင် ဗက်တီးရီးယားမှိုများပါဝင်လေ့ရှိသည်။

အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနက အစားအစာများကို ပုံမှန်ရှောင်တခင်စစ်ပေးလေ့ရှိသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကျယ်ပြန့်သောဒေသများအားလုံးကို လွှမ်းခြုံစစ်ဆေးနိုင်ရန်မှာ လွယ်ကူသောအလုပ်မဟုတ်ပေ။ ထို့ကြောင့် ကျန်းမာရေးကို ထိခိုက်စေသော အစားအစာများစွာရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိတို့စားသောက်သော အစားအစာများနှင့်ပတ်သက်၍ ကျန်းမာရေးအသိနှင့်အမြဲရှိဖို့လိုအပ်သည်။ အစားအသောက်ထုတ်လုပ်သော လုပ်ငန်းရှင်များအနေဖြင့် မိမိတို့အကျိုးစီးပွားဖြစ်ထွန်းရေးကို မှန်ကန်သောစေတနာ၊ မွန်မြတ်သောစိတ်ထားဖြင့် စားသုံးသူများအပေါ်ထားရှိကြရန်လိုအပ်သည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏အဆိုအရ မြန်မာနိုင်ငံတွင် ငါးနှစ်အောက်ကလေးငယ်များ၏သုံးပုံနှစ်ပုံနီးပါးသည်ဘေးကင်းသောအစားအစာနှင့် သန့်ရှင်းသောရေရရှိမှုနည်းပါးခြင်းကြောင့်ဟု ဆိုထားသည်။ ယခုတွေ့ရှိရသော အစားအစာများတွင် ဓာတုဆေးဝါးများသည် ကလေးငယ်များအတွက် အန္တရာယ်ကြီးမားလှသည်။

မြန်မာနိုင်ငံတွင် မျက်မှောက်ကာလ နေထိုင်စားသောက်မှုပုံစံသစ်အရ ပြင်ပအစားအစာများကို အားထားစားသောက်ကြသည့် အလေ့အထတွင် အန္တရာယ်ရှိသောအစားအစာများ များစွာပါဝင်နေသည်ကို သတိပြုရမည်ဖြစ်သည်။ လမ်းဘေးအကြော်အလှော်များတွင် ပြည့်ဝဆီ၊ ပြန်ကြော်ဆီ၊ တိရစ္ဆာန်ဆီစသည်တို့သည် မကောင်းသည့် ကိုလက်စထရောကိုဖြစ်စေပြီး လူတို့ကိုအဝလွန်ကာ နှလုံးသွေးကြောပိတ်မှုများကို ဖြစ်စေသည်။ လမ်းဘေးတွင်ရောင်းချသည့် အစားအစာများနှင့်သီးနှံများတွင် ဓာတ်မြေသြဇာနှင့် ဓာတုပိုးသတ်ဆေး အကြွင်းအကျန်များရှိနေတတ်သည်။ ဓာတ်မြေသြဇာနှင့် ဓာတုပိုးသတ်ဆေး အကြွင်းအကျန်တို့ပါဝင်သည့် အစားအစာများကို စားသုံးခြင်းကြောင့် ဝမ်းလျှော၊ ဝမ်းပျက်၊ အထက်လန်အောက်လျှောနှင့် ကင်ဆာရောဂါတို့ကို ဖြစ်နိုင်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလပြည်သူများ နေ့စဉ်နေထိုင်စားသောက်မှုဘဝ၌ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို အလေးထားစားသောက်ရန် ပိုမိုလိုအပ်လာသည်။ ဆေးဝါးနှင့်ကုသစရိတ်ကြီးမားနေသောအခါ၌ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရေးနှင့် ရောဂါဘယများ မဖြစ်ပွားစေရန်အတွက် အစားအသောက်နှင့်နေထိုင်မှုပုံစံများကို အထူးသတိပြု စားသောက်နေထိုင်ပြီး ကျန်းမာရေးနှင့်ညီညွတ်အောင် စားသောက်နေထိုင်သွားကြရန် လေးစားစွာအသိပေးအပ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း




နေပြည်တော် စက်တင်ဘာ ၂၀

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ သရက်တောကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မြစကြာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မစေတီ(မွန်)ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ မွန်ပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ သာသနာ့ဟိတပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းလိတ်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ လေးသာတိုက်သစ်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာကုသိုလ်တော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိအသောကသီတဂူကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ နမ့်ခိုက်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအား တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်အောင်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး ဖွင့်လှစ်

မြန်အောင် စက်တင်ဘာ ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးဖွင့်လှစ်ခြင်းနှင့် ဆိုင်းဘုတ်တင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက် မြန်အောင်-ကြံခင်းကားလမ်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်အောင်ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးဆိုင်းဘုတ်အား ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာမိုးမိုးခိုင်၊ မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြန်အောင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော်နှင့် ဟင်္သာတခရိုင် ဦးစီးမှူး ဒေါက်တာအောင်သူမျိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်ဦးစီးမှူးရုံးဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဟင်္သာတခရိုင်ဦးစီးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြန်အောင်၊ကြံခင်း၊ အင်္ဂပူမြို့နယ်တို့မှ ဦးစီးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဝင်းဗိုလ် (မြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀- ၉ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၃၀၀ | ၉,၃၀၀ | ၁၉၃ | ၁,၇၇၀,၉၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၄,၁၄၀ | ၁၃,၈၃၃,၇၅၀ |
| MCB | ၇,၉၀၀ | ၇,၈၀၀ | ၁၁ | ၈၆,၄၀၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၁ | ၂၀,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၅,၀၃၃ | ၁၄,၀၉၂,၄၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၄၀ | ၁၀၈,၀၀၀ |
| AMATA | ၅,၅၀၀ | ၅,၅၀၀ | ၁၀ | ၅၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၀၂.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၉.၃၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၆.၈၂၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၀.၇၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၃၅ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၇.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၉၀.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၆၀.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၀.၇၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့မျက်မှောက် ကမ္ဘာတွင် နည်းပညာများနှင့် ရုပ်ဝတ္ထုပစ္စည်းများ အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ပြောင်းလဲတိုးတက်နေကြောင်း၊ ထိုအရာများတွင် နယ်စည်းမခြားသော ပွင့်လင်းလွတ်လပ်မှုဆိုသည့် အယူအဆများနှင့်အတူ လူမှုကွန်ရက်ဆိုရှယ်မီဒီယာများသည် အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်လာကြောင်း၊ ထိုလူမှုကွန်ရက်များကို အသုံးပြု၍ ပညာရေးနှင့်ကျန်းမာရေးတို့တွင် ကောင်းသောအကျိုးကို ဆောင်ရွက်နိုင်သကဲ့သို့ မိမိနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် လူမှုရေးသာမက ယဉ်ကျေးမှုရေးရာ အခန်းကဏ္ဍများအထိ မေးမှိန်သေးသိမ်အောင်၊ ညစ်နွမ်းအောင် ဝင်ရောက်ထိုးဖောက်မွှေနှောက်နိုင်သည့် အကြောင်းခြင်းရာများလည်း ရှိနေကြောင်း။

အထူးသဖြင့် နိုင်ငံ၏အနာဂတ်ကို လက်ဆင့်ကမ်းပခုံးပြောင်းသယ်ဆောင်ကြမည့် ဖြူစင်ရိုးဖြောင့်တက်ကြွစွာ ဆန်းသစ်တီထွင်လိုစိတ်နှင့် စွန့်စားလိုစိတ်ကြီးမားလွန်းကြသည့် မျိုးဆက်သစ်လူငယ်များအတွက် အဆိုပါလူမှုကွန်ရက်များကပင် မိမိတို့နိုင်ငံ၏ ရေမြေဒေသသဘာဝ လူမှုဘဝပကတိအခြေအနေနှင့် ဆက်စပ်မှုမရှိသော ဆန့်ကျင်ဘက်ဖြစ်သည့် အစွန်းရောက်အတွေးအခေါ် အမူအကျင့်များကို အနုပညာဆိုသည့် လူငယ်လူရွယ်အကြိုက် မျက်နှာဖုံးတပ်၍ ထိုးဖောက်ဝင်ရောက်လျက်ရှိကြောင်း။

**ပြောင်းလဲနိုင်စွမ်းကြီးမား**

အနုသုခုမပညာရပ်သည် နက်နဲသိမ်မွေ့သည့် ပညာရပ်ဖြစ်ကြောင်း၊ စိတ်ခံစားမှုကို နှိုးဆွလှုံ့ဆော်နိုင်စွမ်းလည်းကြီးမားကြောင်း၊ ရိုင်းသည်ကို ယဉ်အောင်၊ ယဉ်သည်ကိုရိုင်းအောင်လည်း ပြုနိုင်စွမ်းရှိကြောင်း၊ အဖြူကိုအမည်း၊ အမည်းကို အဖြူဖြစ်အောင် ပြောင်းလဲနိုင်စွမ်းလည်း ကြီးမားကြောင်း။

ထို့ကြောင့် ထိရောက်မှုစွမ်းအားကြီးမားထက်မြက်သည့် အနုသုခုမပညာရပ်များမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များ၏ အဆို၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ပြန်လည်ကျင်းပနိုင်ရေးကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့်အညီ တာဝန်ရှိသူ တာဝန်သိသူများအနေဖြင့် ဘက်ပေါင်းစုံရှုထောင့်ပေါင်းစုံမှ အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

ဩဂုတ်လက ကျင်းပခဲ့သည့် ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ ဘာသာရပ်အလိုက်တာဝန်ယူအကဲဖြတ်ကြမည့် အဆို၊ အက၊ အရေး၊ အတီးပညာရှင်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားပြုတက်ရောက်လာသူများက (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ဆွေးနွေးပြောကြား အဆုံးအဖြတ်အချို့ကို ရယူခဲ့ကြပြီးဖြစ်ကြောင်း။

ယခုအစည်းအဝေးတွင် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအနက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်လုပ်ငန်းကိစ္စရပ်များကို အပြီးသတ်တင်ပြသွားကြရန်ဖြစ်ကြောင်း။

**ပျံ့နှံ့သိရှိစိတ်ဝင်စားနေကြပြီဖြစ်**

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပနေသည်ကို ရုပ်မြင်သံကြားနှင့်သတင်းစာများတွင် ထည့်သွင်းဖော်ပြနေသည့်အတွက် အများပြည်သူများအကြား ပျံ့နှံ့သိရှိစိတ်ဝင်စားနေကြပြီဖြစ်ကြောင်း၊ ဗဟိုအဆင့် ပြိုင်ပွဲကျင်းပရန် အချိန်လည်းနီးကပ်လာခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် ပါဝင်သော လူမှုရေးဦးတည်ချက်ဖြစ်သည့် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"ဆိုသည့် ဦးတည်ချက်နှင့်အညီ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်အနေဖြင့် ခမ်းနားသိုက်မြိုက်စွာကျင်းပနိုင်ရန် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သက်ဆိုင်ရာကဏ္ဍအလိုက် မူလသတ်မှတ်လျာထားသည့် အချိန်ဇယားအတိုင်း ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပေးကြရန်နှင့် လုပ်ငန်းအရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေး အပြီးအပြတ်ဆုံးဖြတ်ချက်ချမှတ်ရမည့် ကိစ္စရပ်များ ကျန်ရှိပါက ဝိုင်းဝန်းဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ပြိုင်ပွဲကျင်းပမည့် အစီအမံများနှင့် ဆုချီးမြှင့်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝင်းရှိန်၊ ဦးမောင်မောင်အုန်း၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးသောင်းဟန်၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဒေါက်တာဌေးအောင်တို့က (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုံခြုံရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေးဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများကျင်းပရေး ဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီ၊ တည်းခိုရေးနှင့် ပြိုင်ပွဲကျင်းပမည့်နေရာ အုပ်ချုပ်ရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် သွေးစည်းညီညွတ်မှု ပိုမိုခိုင်မြဲရေး၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ အနုသုခုမ အဆို၊ အတီး၊ အကများ အရှည်တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များ၏ နှလုံးသားတွင် မိမိတို့ရိုးရာ၊ ယဉ်ကျေးမှုနှင့် အနုသုခုမများကို မြတ်နိုးခုံမင်စွာ လေ့လာလိုက်စားပြီး အနာဂတ်ကာလများတိုင် ပခုံးပြောင်းလက်ဆင့်ကမ်း သယ်ဆောင်သွားလိုစိတ်များ ကိန်းအောင်းရှင်သန်စေရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

☆ **မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များ၏ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ပြန်လည်ကျင်းပနိုင်ရေးကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့်အညီ ဘက်ပေါင်းစုံရှုထောင့်ပေါင်းစုံမှ အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်**

☆ **တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ အနုသုခုမ အဆို၊ အတီး၊ အကများ အရှည်တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုဆောင်ရွက်သွားကြရမည်**

## ဖျာပုံဒေသထွက် ပင်လယ်ငါးမုတ်ငါးများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ဖျာပုံ စက်တင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ဖျာပုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များ ပူးပေါင်း၍ မြို့နယ်အတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့ပြီး ပြည်သူများငါးရိက္ခာဖူလုံစေရန်၊ ငါးဈေးနှုန်းတည်ငြိမ်ကျဆင်းလာစေရန်နှင့် ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရန်ရည်ရွယ်၍ ပင်လယ်ငါးမုတ်ငါး ပိဿာချိန် ၁၀၀ အား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ဖျာပုံမြို့ ငါးလုပ်ငန်းဦးစီးဌာနရုံးရှေ့၌ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြည်သူများသက်သာသောဈေးနှုန်းဖြင့် ပင်လယ်ငါးမုတ်ငါးများ ရောင်းချပေးရာတွင် ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုလွင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များက ငါးပိဿာချိန် ၁၀၀ ဖြန့်ဖြူးရောင်းချပေးမှုအပေါ် အိမ်ထောင်စုတစ်စုအတွက် ၅၀ ကျပ်သားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ပြီး ကျန်ရှိရပ်ကွက်နှင့် ကျေးရွာများသို့လည်း ပင်လယ်ငါးများ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

၂၀၇



# အကျဉ်းသားများ၏ စားသောက်နေထိုင်ရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စရပ်များကို စနစ်တကျ အထူးဂရုပြု ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၀**

လုံခြုံရေးကို အထူးအလေးထားဆောင်ရွက်ပြီး အုပ်ချုပ်မှု လျော့နည်းဖြစ်စဉ်များ မဖြစ်ပွားစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ အထူးဂရုပြုဆောင်ရွက်ရန်၊ အကျဉ်းသားများ၏ စားသောက်နေထိုင်ရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စရပ်များကို စနစ်တကျ အထူးဂရုပြုဆောင်ရွက်ပေးရန်၊ အကျဉ်းသား/အချုပ်သားအားလုံး ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံရေး ဆောင်ရွက်ပေးသွားရန်စသည်ဖြင့် ပြည်ထောင်စုဝန်ကြီးက အကျဉ်းထောင်များသို့ သွားရောက်ကြည့်ရှု စစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားခဲ့သည်။



**သွားရောက်စစ်ဆေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းနှင့်အတူ စက်တင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ဒိုက်ဦးဗဟိုအကျဉ်းထောင်၊ ပဲခူးအချုပ်ထောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်၊ ညောင်ခါးရှည် စစ်ဆေးရေးဂိတ်၊ တောင်ငူအကျဉ်းထောင်၊ ရမည်းသင်းအကျဉ်းထောင်နှင့် နေပြည်တော်ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းများ၏ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်စစ်ဆေးစဉ် ထိုသို့မှာကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ချုပ်သစ်/ကျသစ် လက်ခံရာတွင် ကိုဗစ်ရောဂါပိုး ရှိ/မရှိ စစ်ဆေးပြီး မရှိမှသာ လက်ခံရန်၊ လုံခြုံရေးစည်းကျိုးပေါက်မှု မရှိစေရေး ၂၄ နာရီ ကင်းတာဝန်ချထားရန်၊ အကျဉ်းသား/အချုပ်သားများအတွက် ချက်ပြုတ်ကျွေးမွေးသည့် အစားအစာများကို သန့်ရှင်းလတ်ဆတ်မှု ရှိစေရေး၊ ပူပူနွေးနွေး စားသုံးနိုင်ရေး၊ စေတနာထား၍ ချက်ပြုတ်ကျွေးမွေး သကဲ့သို့ ၎င်းတို့အား တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ နေထိုင်စေရေး ကြပ်မတ်ဆောင်ရွက်ပေးရန် အသေးစိတ်မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခရီးစဉ်အတွင်း အကျဉ်းထောင်/စခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏မိသားစုဝင်များနှင့် တွေ့ဆုံ၍ မိသားစုဝင်များအား ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးအချုပ်ထောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးပြီး အချုပ်ထောင်သစ်အား သတ်မှတ်ထားသည့်ကာလအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် အသေးစိတ်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရှိညောင်ခါးရှည် စစ်ဆေးရေးဂိတ်၌ တပ်ဆင်ထားရှိသော X-Ray စက်အား ကြည့်ရှု၍ လုံခြုံရေးတာဝန်ယူ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကလည်း လုံခြုံရေးအသိ သတိ၊ အမြင်များဖြင့် အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိပြီး စခန်းရှိ Ever Green မြက်၊ တစ်သျှူးငှက်ပျောခွံစိမ်း၊ သီးမွှေးငှက်ပျောနှင့် ဒေသငှက်ပျော (ဖီးကြမ်း) စိုက်ပျိုးထားရှိမှုအခြေအနေများ၊ ဥစားကြက်၊ နို့စားနွားနှင့် အသားတိုးနွား မွေးမြူထားရှိမှုအခြေအနေ၊ ရေသန့်စက်ရုံ၊ နို့ပေါင်းစက်ရုံနှင့် မြက်ဖျော်ထုံးစက်ရုံ လည်ပတ်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၏ ထွက်ကုန်အရောင်းဆိုင်သို့ သွားရောက်၍ စခန်းမှထွက်ရှိလာသောအသီးအနှံ၊ ကြက်ဥ၊ နို့စိမ်း၊ နို့ပေါင်းနှင့် ဒိန်ချဉ်များ ရောင်းချနေမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အကျဉ်းသားများ၏လုပ်အားကို အလဟဿလေလွင့်ပြုန်းတီးမှု မရှိစေရေး၊ နိုင်ငံတော်စီမံကိန်းဝင် လုပ်ငန်းများတွင် အကျိုးရှိရှိအသုံးချနိုင်ရေး၊ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေး၊ စားရိက္ခာဖူလုံစွာရရှိရေး၊ ဝင်ငွေရရှိစေရေးနှင့် ၎င်းတို့ဆောင်ရွက်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်ဖြင့် ယခုထက် ၃ ဆတိုးမြှင့်ဆောင်ရွက်ပြီး ထွက်ရှိလာသော အသားငါးများအား ၎င်းတို့ကိုယ်တိုင် ပြန်လည်စားသောက်စေရေး၊ ပိုလျှံသည့်အသားငါးများအား ဝန်ထမ်းနှင့်မိသားစုများအပြင် "လူထု၏စားဝတ်နေရေး ဖူလုံစေရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ပတ်ဝန်းကျင်ရှိပြည်သူလူထုများကိုပါ သက်သာသော ဈေးနှုန်းဖြင့် ဖူလုံပေါများစွာ ရောင်းချပေးနိုင်ရေးစသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ အမြတ်ကို အဓိကမထားဘဲ သက်သာချောင်ချိရေးကို ဦးစားပေး ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများနှင့် နေပြည်တော်ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းတို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ထွက်ရှိလာသည့် အသီးအနှံနှင့် အသားငါးများကို အကျဉ်းသား/အချုပ်သားများ စားသုံးရန်အတွက်သာမက ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ဝန်ထမ်းနှင့် မိသားစုဝင်များ၊ ပတ်ဝန်းကျင်ရှိ ပြည်သူလူထုများပါ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဥစားကြက်၊ နို့စားနွား၊ အသားတိုးနွား၊ အသားတိုးဝက်၊ အသားတိုးဆိတ်နှင့် ငါးမွေးမြူရေးလုပ်ငန်းများကို စိုက်ပျိုးရေးလုပ်ငန်းများနည်းတူ ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မုံရွာမြို့၌ အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းဖွင့်ပွဲနှင့် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ကျင်းပ

**မုံရွာ စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပသည်။

**ပြောကြား**

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ကော်မတီများဖွဲ့စည်းပြီး အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်တန်းသားများ အနေဖြင့် သင်တန်းတွင် ပို့ချပေးမည့် နည်းပညာရပ်များကို စာတွေ့၊ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်ပါဝင်စားစွာဖြင့် သင်တန်းပျက်ရက်မရှိအောင် တက်ရောက်သင်ကြားသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းနည်းပြများနှင့် သင်တန်းသားများအတွက် ဂုဏ်ပြုထောက်ပံ့ငွေကျပ် ၅ သိန်းအား ပေးအပ်ပြီး သင်တန်းတွင် အသုံးပြုသွားမည့် သင်ထောက်ကူပစ္စည်းများအား လိုက်လံကြည့်ရှုအားပေးခဲ့သည်။



အဆိုပါ အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းအား စက်တင်ဘာ ၂၀ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြား ပေးသွားမည်ဖြစ်ပြီး သင်တန်းသား ၂၈ ဦး တက်ရောက်သွားမည်ဖြစ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပသော တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၂) သို့ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မေမျိုးဇော်က ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဖြင့် Sagaing Steel Industry Co,Ltd မှ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ သံနှင့် သံမဏိအခြေခံပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုလျှောက်ထားလွှာ တင်ပြလာခြင်း၊ Jinxin Technology Sagaing Co,Ltd မှ တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုပါရန်နှင့် ဩဂုတ်လအတွင်း ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့သော လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များ၊ အစည်းအဝေးသို့ တက်ရောက်လာသူများက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ပတ်သက်၍ အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တက်ရောက်လာသူများ၏ အသီးသီးရှင်းလင်း ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# AHA Centre မှတစ်ဆင့်လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ ကြားဖြတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force) ၏ အဖွဲ့ဝင်အချို့ပါဝင်သည့် ကြားဖြတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ (၁) ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် လုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ ကမ္ဘောဒီးယားနိုင်ငံမှ ကျန်းမာရေးဝန်ထမ်းနှင့် လုပ်အားပေးများ မြန်မာနိုင်ငံသို့ လာရောက်၍ ပူးတွဲကာကွယ်ဆေးထိုးနှံပေးရေးကိစ္စ၊ အာဆီယံအနေဖြင့် မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် ပိုမိုကျယ်ပြန့်သော အကူအညီများ ပေးအပ်ရေးအတွက် လိုအပ်ချက်ဆန်းစစ်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်ကိစ္စ စသည်တို့နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရန်လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းကြသည်။ မြန်မာနိုင်ငံအနေဖြင့် ကာကွယ်ဆေးထိုးနှံပေးရေးနှင့် အကူအညီများကို ဖြန့်ဖြူးရာတွင် ခွဲခြားမှုမရှိဘဲ အမှန်တကယ်လိုအပ်နေသည့် ပြည်သူများထံသို့ ရောက်ရှိရေး ဦးတည်ဆောင်ရွက်သွားရန် ဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။

**သတင်းစဉ်**




# လာမည့်ပညာသင်နှစ်မှစ၍ ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်း ၅၀ တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပေါင်းစည်းအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်မည်

**နေပြည်တော် စက်တင်ဘာ ၂၀**

လာမည့်ပညာသင်နှစ်မှ စတင်၍ ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်း ၅၀ တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပေါင်းစည်းအထက်တန်းကျောင်းများ တွဲဖက်၍ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပြောကြားသည်။




**ပြောကြား**

ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည့် KG+12 သင်ရိုးညွှန်းတမ်းနှင့် တက္ကသိုလ်သင်ရိုးညွှန်းတမ်းများ ချိတ်ဆက်ရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ပညာရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံသားတိုင်း အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ အခမဲ့ပညာသင်ယူနိုင်ရေးကို မူဝါဒချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ KG+9 အောင်မြင်ပြီးသူများအနေဖြင့် Grade 10၊ Grade 11၊ Grade 12 နှင့် အဆင့်မြင့်တက္ကသိုလ်ပညာများအထိ သင်ယူနိုင်ကြောင်း၊ Grade 10၊ Grade 11၊ Grade 12 အထိ မတက်ရောက်တော့ဘဲ စိုက်ပျိုးရေးအထက်တန်းကျောင်း၊ မွေးမြူရေးအထက်တန်းကျောင်းနှင့် နည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်လိုပါကလည်း တက်ရောက်နိုင်ကြောင်း။

သို့ဖြစ်ပါ၍ KG+12 အောင်မြင်ပြီး တက္ကသိုလ် ဆက်လက်တက်ရောက် ပညာသင်ယူသူများအတွက် သင်ရိုးညွှန်းတမ်းများ ချိတ်ဆက်မှု၊ ဆက်စပ်မှုရှိစေရေးကို ဝိုင်းဝန်း၍ စိစစ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပထမနှစ် သင်ရိုးညွှန်းတမ်းနှင့် ချိတ်ဆက်မှုရှိ၊ မရှိ စိစစ်နိုင်ရေးအတွက် Grade 12 သင်ရိုးညွှန်းတမ်း သို့မဟုတ် Grade 12 outlines များကို ချပြဆွေးနွေးရန် လိုအပ်ကြောင်း၊ သင်ရိုးညွှန်းတမ်းနှင့် ဘာသာရပ်ဆိုင်ရာ အရည်အသွေး တိုးတက်ကောင်းမွန်ရေးအတွက် ဘာသာရပ်သင်ကြားရေးအဖွဲ့ (Board of studies) တွင် ခင်မင်ရင်းနှီးမှုကို အခြေခံသည့် ဖွဲ့စည်းခြင်းမျိုး မလုပ်ဘဲ အရည်အချင်းရှိသူများ၊ အငြိမ်းစားဆရာကြီးများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်ကြီးများ၊ ရာထူးငယ်သော်လည်း ဘာသာရပ်ကျွမ်းကျင်သူ ဆရာများကို ဖိတ်ကြား၍ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် မဟာတန်းနှင့် ပါရဂူတန်း ပြင်ပကျမ်းကြီးကြပ်သူများအဖြစ် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်ကြီးများကို ထည့်သွင်းဖွဲ့စည်းသွားကြရန် တက္ကသိုလ်အားလုံးတွင် တာဝန်ရှိကြောင်း၊ ပညာရေးနိမ့်ကျနေသည်ကို ကုစားနိုင်ရေးအတွက် လမ်းကြောင်းမှန်ကို ဝိုင်းဝန်းပူးပေါင်းရှာဖွေဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အုပ်စုမဖွဲ့ကြရန်နှင့် အားနည်းသူကို လက်တွဲခေါ်ပြီး တိုးတက်အောင် ဆောင်ရွက်ကြစေ လိုကြောင်း၊ ပညာရေးအရည်အသွေး မြင့်မားရေးအတွက် စေတနာ၊ မေတ္တာ ရှေ့ထား၍ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက် ကြစေလိုကြောင်းနှင့် ရာထူးတိုး၊ ရာထူးပြောင်းရွှေ့မှုဆိုင်ရာ မူဝါဒများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အဆင့်မြင့်ပညာကဏ္ဍတွင် သင်ကြားသင်ယူမှုစနစ် မြှင့်တင်ရေး၊ သင်ရိုးညွှန်းတမ်းချိတ်ဆက်ရေး၊ဂုဏ်ထူးတန်းဘွဲ့သင်တန်းများ၊ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် မြန်မာ့ရေးရာဘာသာရပ် သင်တန်းများကို ထိရောက်စွာ အလေးထားသင်ကြားရေးနှင့် သုတေသနဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သိရသည်။ **သတင်းစဉ်**

# KNU/KNLA (PC)၊ DKBA တပ်ဖွဲ့ဝင်နှင့် အိမ်ထောင်စုများသို့ ဆန်အိတ်များထောက်ပံ့

**ဘားအံ စက်တင်ဘာ ၂၀**

ကရင်အမျိုးသား အစည်းအရုံး/ ကရင် လွတ်မြောက်ရေးတပ်မတော်–ငြိမ်းချမ်းရေးကောင်စီ KNU/ KNLA(PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးနှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ် စောစတီးတို့က ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို အကောင်းဆုံး ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာနက ကရင်အမျိုးသားအစည်းအရုံး/ ကရင်လွတ်မြောက်ရေးတပ်မတော်–ငြိမ်းချမ်းရေးကောင်စီ KNU/ KNLA(PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) တပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်စုများသို့ ဆန်အိတ်များ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားတွင် ၎င်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာ၌ ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

**ထောက်ပံ့ပေးအပ်**

အဆိုပါအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်၍ KNU/KNLA(PC)၊ DKBA တပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်စုများသို့ ဆန်အိတ် ၃၀၀ စီ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်က စားဝတ်နေရေးသည် အရေးကြီးသည့်အတွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရေး တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ စားနပ်ရိက္ခာဖူလုံပို့လျှံစေရေးအတွက် သီးထပ်သီးညှပ်များဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ပြည်နယ်အတွက် လိုအပ်သည့် အရင်းအနှီးငွေများ ထောက်ပံ့ပေးထားကြောင်းနှင့် အတိုးနှုန်းသက်သာစွာဖြင့် တောင်သူများကို ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်မိသားစုများ၏ စားနပ်ရိက္ခာဖူလုံပို့လျှံရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်ချက်များရှိပါက အချိန်မရွေး ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ကူညီထောက်ပံ့ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။




အခမ်းအနားအပြီးတွင် ကရင်အမျိုးသားအစည်းအရုံး/ ကရင်လွတ်မြောက်ရေးတပ်မတော်–ငြိမ်းချမ်းရေးကောင်စီ KNU/KNLA(PC) နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) တို့မှ တာဝန်ရှိသူများသည် ဘားအံမွေးမြူရေးဇုန်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ချစ်ကြည်ရင်းနှီးမှုမှသည် ပန်းတိုင်ဆီသို့

ဝဏ္ဏ(TGI)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Republic of Buryatia ပြည်နယ် Ulan-Ude မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ စက်တင်ဘာလ ၁၀ ရက် လေ့လာရေးခရီးစဉ်အား နံနက်ပိုင်းကာလကပင် စတင်သည်။

**ဆိုဗီယက်ရင်ပြင်ကို သွားရောက်လေ့လာ**

နံနက်ပိုင်း လေ့လာရေးခရီးစဉ်အဖြစ် Ulan-Ude မြို့ရှိ ဆိုဗီယက်ရင်ပြင်ကို သွားရောက်လေ့လာကြသည်။ ရင်ပြင်နှင့်ပတ်သက်သည့် သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေတို့အား Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲက ရှင်းလင်းတင်ပြပြီး ဆိုဗီယက်ပြည်ထောင်စု၏ အမျိုးသားခေါင်းဆောင်ကြီးဖြစ်သူ လီနင်၏ ဦးခေါင်းပုံရုပ်တုရှေ့တွင် အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။

ဒုတိယလေ့လာမည့်နေရာမှာ ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဘက်နှင့် ဗုဒ္ဓဘာသာလေ့လာရေးအင်စတီကျု ဆိုက်ဘေးရီးယားဌာနခွဲဖြစ်သည်။ အကယ်ဒမီသို့ အကြီးအကဲနှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိစဉ် အကယ်ဒမီ Director ဖြစ်သူ Mr. Bazarov Bois Vandanovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အကယ်ဒမီအတွင်း လှည့်လည်ကြည့်ရှုခြင်းကို စသည်။ အကယ်ဒမီအတွင်း ထိန်းသိမ်းထားရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များမှာ အမျိုးအစားအရ မနည်းလှသလို အရေအတွက်အားဖြင့် အတော်များပြားသည်ဟု ဆိုနိုင်သည်။ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများ၊ ပန်းချီကားချပ်များ၊ တိဘက်လက်ရေးမူဖြင့် ရေးသားပြုစုထားသည့် ပိဋကတ်သုံးပုံမှ အဆုံးအမကျမ်းစာများ စသည်တို့ကို တူရာကိုစုစည်း၍ ကြည့်ချင်ဖွယ်ဖြစ်အောင် ထိန်းသိမ်းခင်းကျင်းထားသည်ကို တွေ့ရသည်။

အလားတူ ရှေးဟောင်းနက္ခတ္တဗေဒဆိုင်ရာ ကျမ်းစာများ၊ တိဘက်နှင့် မွန်ဂိုဘာသာစကားများ၏ အဆင့်ဆင့်ပြောင်းလဲလာမှုကို မှတ်တမ်းတင်ထားသည့် လက်ရာများကိုလည်း စနစ်တကျထိန်းသိမ်းထားသည်ကို တွေ့ရသည်။ "စာပေမြင့်မှ လူမျိုးတင့်မည်" ဆိုသည့်ဆိုရိုးစကားသည် သူတို့နိုင်ငံ၊ သူတို့လူမျိုး၊ သူတို့ဆိုရိုးတွင်လည်း ရှိဟန်တူသည်။ စာပေလက်ရာများကို စနစ်တကျစုစည်းထိန်းသိမ်းထားမှုကပင် ၎င်းအချက်ကို မှန်ကန်သည်ဟု ရည်ညွှန်းနေဟန်ရှိသည်။

ထပ်မံလေ့လာမှုတွင် မြန်မာနိုင်ငံနှင့် တိုက်ရိုက်ပတ်သက်သည့်ပစ္စည်းများကို တွေ့ရသည်။ ရှားပါးလှသော ထန်းပုရပိုက်များအပါအဝင် အခြားရှေးဟောင်းပုရပိုက်များကို ထိန်းသိမ်းထားခြင်းဖြစ်သည့်အတွက် အမိမြန်မာပြည်၏ စာပေသမိုင်းအချို့ကို တိုင်းတစ်ပါးကပင် သိရှိနေသည်ဟု ဂုဏ်ယူမိသည်။ အခြားတစ်ဖက်တွင်လည်း ဤနှယ်တန်ဖိုးထိုက်လှသည့် ရှေးဟောင်းပစ္စည်းအနုပညာလက်ရာများ အဘယ်မျှပင် ပြည်ပသို့ရောက်ရှိနေသနည်းဟု အတွေးဖြင့် စိုးရိမ်စိတ်လည်း ဝင်မိသည်။ ဤနှယ်သောအတွေးအပြင် အကြီးအကဲအနေဖြင့် ဤပစ္စည်းများကို မပျက်စီး၊ မယိုယွင်းစေရန် မည်သို့ထိန်းသိမ်းသည်လဲဆိုသည့် မေးခွန်းအပါအဝင် မေးခွန်းများစွာဖြင့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများကို ထိန်းသိမ်းကာကွယ်လိုမှုကို ပြသသည်။ တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းတင်ပြသကဲ့သို့ အကြီးအကဲကလည်း စိတ်ပါဝင်စားစွာ နားထောင်မှတ်သားသည်။ ထို့နောက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခြင်းနှင့် အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကူးကြပြီး လေ့လာရန် တတိယနေရာသို့ ကူးကြသည်။

ယခုတစ်ကြိမ် ထပ်မံသွားရောက်လေ့လာသည့်နေရာမှာ နျူကလီးယားဆေးဘက်ဆိုင်ရာစင်တာ၊ ကင်ဆာရောဂါကုသမှုဌာနဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့မှ ကျန်းမာရေးဝန်ကြီး Ms. Ludupova Evgenya နှင့် တာဝန်ရှိသူများက ကြိုဆိုသည်။ စင်တာအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ် အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေမှု၊ ကုသဆောင်ရွက်မှု အသုံးပြုလျက်ရှိသည့် စက်ကိရိယာများ၏ စွမ်းဆောင်ရည်များကို ပြည်နယ် ကျန်းမာရေးဝန်ကြီးနှင့်အဖွဲ့က လိုက်လံရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် သိလိုသည့်မေးခွန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို မေးတန်မေး၍၊ ဆွေးနွေးတန်ဆွေးနွေးကာ အကြီးအကဲ၏ ကျန်းမာရေးကဏ္ဍအပေါ် စိတ်ပါဝင်စားမှုကိုပြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Ulan-Ude မြို့ရှိ ဆိုဗီယက်ရင်ပြင်တွင် ကြည့်ရှုလေ့လာကြစဉ်။

> **အကြီးအကဲကလည်း မြန်မာ့မီးရထား၏အခြေအနေအပေါ်မူတည်၍ သိရှိလိုသည့် မေးခွန်းများ မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရထားပြင်ဆင်ရေးအလုပ်ရုံတွင် လေ့လာမှုအပြီး၌ Ulan-Ude မြို့ ဘူတာရုံမှတစ်ဆင့် Irkutsk မြို့သို့ ရထားဖြင့်သွားရောက်သည်။ သာမန်ခရီးသည်တင်ရထားမဟုတ်ဘဲ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတပူတင်အပါအဝင် နိုင်ငံ့အကြီးအကဲများကိုသာ စီးစဉ်ပေးသည့်ရထားဖြစ်သည့်အတွက် အဆင့်အတန်းမြင့်လှ**

**ရထားပြင်ဆင်ရေးအလုပ်ရုံ**

မနေမနားသော လေ့လာရေးခရီးစဉ်အဖြစ် Ulan-Ude မြို့၏ ရထားပြင်ဆင်ရေးအလုပ်ရုံသို့ ဆက်လက်သွားရောက်လေ့လာကြသည်။ အကြီးအကဲ၏ လေ့လာရေးလာရောက်မှုကို ပြည်နယ်အစိုးရအဖွဲ့ ပို့ဆောင်ရေးဝန်ကြီး Mr. Olovyannikov Aleksei က ကြိုဆိုနှုတ်ဆက်ခြင်း၊ လိုက်လံရှင်းလင်းတင်ပြခြင်းတို့ဖြင့် အလေးအနက်ထားမှုကို ပြသည်။ မီးရထားခေါင်းတွဲအမျိုးမျိုးကို ထုတ်လုပ်၊ ပြင်ဆင်နေမှုနှင့် စက်ခေါင်းများ၏ စွမ်းဆောင်နိုင်မှုအခြေအနေ၊ အင်ဂျင်နှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်နေမှု စသည်တို့ကို လှည့်လည်ပြသရင်း ရှင်းလင်းတင်ပြမှုကို တစ်ပေါင်းတည်းဆောင်ရွက်သည်။ အကြီးအကဲကလည်း မြန်မာ့မီးရထား၏ အခြေအနေအပေါ်မူတည်၍ သိရှိလိုသည့် မေးခွန်းများ မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရထားပြင်ဆင်ရေးအလုပ်ရုံတွင် လေ့လာမှုအပြီး၌ Ulan-Ude မြို့ ဘူတာရုံမှတစ်ဆင့် Irkutsk မြို့သို့ ရထားဖြင့်သွားရောက်သည်။ သာမန်ခရီးသည်တင်ရထားမဟုတ်ဘဲ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတ ပူတင်အပါအဝင် နိုင်ငံ့အကြီးအကဲများကိုသာ စီးစဉ်ပေးသည့် ရထားဖြစ်သည့်အတွက် အဆင့်အတန်းမြင့်လှသည်။

**RZD "Russian Railways" မီးရထားလုပ်ငန်း**

လမ်းခရီးရှိ RZD "Russian Railways" မီးရထားလုပ်ငန်း၏ RZD "International Railways" ကုမ္ပဏီတည်ရှိရာ Ulan-Ude ဘူတာသို့ ရောက်ရှိရာ General Director Mr. Sergey Stolyarov နှင့်အဖွဲ့ဝင်များက ကြိုဆို၍ ဘူတာရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။ ရှင်းလင်းတင်ပြမှုတွင် RZD "Russian Railways" ကုမ္ပဏီ၏ လျှပ်စစ်စွမ်းအင်၊ ဒီဇယ်စွမ်းအင်၊ ဓာတ်ငွေ့စွမ်းအင် အသုံးပြုသည့် စက်ခေါင်းများ၊ ကိုယ်ထည်တွဲများထုတ်လုပ်ခြင်းအပါအဝင် နည်းပညာဆိုင်ရာဆောင်ရွက်ထားရှိမှုများ၊ မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ထည့်သွင်းရှင်းလင်းသည်။ နိုင်ငံတော်အကြီးအကဲကလည်း ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေနှင့် သိရှိလိုသည့် မေးခွန်းများကို မေးမြန်းသည်။ **စာမျက်နှာ ၇ သို့** »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နျူကလီးယားဆေးဘက်ဆိုင်ရာစင်တာ ကင်ဆာရောဂါကုသမှုဌာနတွင် ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Ulan-Ude မြို့ ရထားစက်ခေါင်းပြင်ဆင်ရေးအလုပ်ရုံတွင် ကြည့်ရှုလေ့လာကြစဉ်။

»» စာမျက်နှာ ၆ မှ

ဒီဇယ်၊ ဓာတ်ငွေ့ အစရှိသည့် လောင်စာအသုံးပြု ရထားပြေးဆွဲမှုထက် လျှပ်စစ်စွမ်းအင်အသုံးပြုသည့်ရထားများ ပြေးဆွဲနိုင်ရေး အလေးပေးနေသည်ကို အကြီးအကဲဆွေးနွေးမှု၊ မေးမြန်းမှုများတွင် တွေ့ရှိနိုင်သည်။

**မီဒီယာအပေါ် အလေးအနက်ထား**

၎င်းနောက် အကြီးအကဲလာရောက်မည့် အခြေအနေကို သိရှိထားကာ သတင်းလာရောက်ရယူသည့် Republic of Buryatia ပြည်နယ်မှ သတင်းမီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားသည်။ မေးမြန်းမှုများမှာ Buryatia ပြည်နယ်သို့ ရောက်ရှိစဉ် တွေ့မြင်ရသည့်အခြေအနေနှင့် အကြံပြုလိုသည့်အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပထဝီနိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည့် လမ်းကြောင်းများအပေါ် သဘောထားအမြင်များ စသည်တို့အပြင် အခြားမေးခွန်းအချို့လည်းပါသည်။ ရရှိသည့်အချိန်နည်းပါးသည့်တိုင် အကြီးအကဲအနေဖြင့် အလေးအနက်ထားကာ ဖြေဆိုခြင်းဖြင့် မီဒီယာအပေါ် အလေးအနက်ထားမှုကိုပြသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံအပြီးတွင် ဦးတည်ရာဖြစ်သည့် Irkutsk ပြည်နယ် Irkutsk မြို့သို့ အထူးရထား ဆက်လက်ထွက်ခွာသည်။ လမ်းခရီးတစ်လျှောက်တွင် လှပသည့်ရှုခင်းများ၊ ကမ္ဘာ့အကြီးဆုံး သဘာဝရေချိုကန်ကြီးဖြစ်သည့် Baikal ရေကန်၏ ကမ်းစပ်တစ်လျှောက်ရှိ လှပသည့်ရှုခင်းများက ရှုမငြီးဖွယ်။ အကြီးအကဲအနေဖြင့် သဘာဝရှုခင်းများကို စိတ်ပါဝင်စားသည်ထက် အထူးရထား၏ အခန်းများဖွဲ့စည်းထားရှိမှု၊ အပြင်အဆင်များ၊ မီးရထားလမ်းကြောင်းနည်းပညာများကို ရတန်သရွေ့သောအချိန်အတွင်း လေ့လာကြည့်ရှုသည်။ နံနက်နှောင်းပိုင်းမှစတင်သည့် အထူးရထားခရီးစဉ်သည် ဦးတည်ရာ Irkutsk မြို့ Passazhirskiy ဘူတာရုံသို့ ရောက်ရှိချိန်တွင် မွန်းလွဲပိုင်းသို့ပင် ရှိနေပြီဖြစ်သည်။ ဘူတာရုံတွင် Irkutsk ပြည်နယ်၏ အစိုးရအဖွဲ့အကြီးအကဲ Mr. Igor Ivanovich Kobzev နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ခေါ်ဆောင်သည်။

ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိစဉ်တွင် တွေ့ဆုံဆွေးနွေးမှုကို ပြုလုပ်သည်။ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တွင် အကြီးအကဲနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် နိုင်ငံတော်အဆင့်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)တို့ ပါဝင်တက်ရောက်သည်။ Irkutsk ပြည်နယ်ဘက်တွင် အစိုးရအဖွဲ့အကြီးအကဲနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ နယ်မြေဆိုင်ရာအကြီးအကဲ Ms. Kurbatova



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဘက်နှင့် ဗုဒ္ဓဘာသာလေ့လာရေးအင်စတီကျူ ဆိုက်ဘေးရီးယားဌာနခွဲအတွင်း ကြည့်ရှုလေ့လာစဉ်။

Lyudmila Anatolyevna နှင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်သည်။

**ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၈၀၀၀ ကျော်**

တွေ့ဆုံဆွေးနွေးမှုအား မြန်မာနိုင်ငံသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံဖြစ်သည်ကို စတင်ညွှန်းဆိုကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုပုံဖော်ရင်း ဆွေးနွေးမှုကိုစတင်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဗဟိုချက်တွင်တည်ရှိပြီး ပြည်နယ်အတွင်း ကုန်ထုတ်လုပ်မှုအကြီးစားစက်ရုံ အများအပြားတည်ရှိနေမှု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၈၀၀၀ ကျော် လည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို ဆက်လက်ဆွေးနွေးသည်။ ထိုသို့သောစက်ရုံများ၊ ရင်းနှီးမြှုပ်နှံမှုများ အများအပြားတည်ရှိခြင်းကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အရေးပါသည့် ပြည်နယ်တစ်ခုအဖြစ် ရပ်တည်နေသည်မှာ မထူးဆန်းလှသည်ဟု ထင်မြင်မိသည်။

မြန်မာနိုင်ငံနှင့် Irkutsk ပြည်နယ်တို့ကြား မဟာဗျူဟာမြောက် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ ရှိနေသည့်အခြေအနေကို ဆွေးနွေးမှုတွင် စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားမှု ပိုမိုမြင့်လာသည်ကို သတိပြုမိသည်။ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်မှုအခြေအနေ၊ မြေပေါ်မြေအောက် သယံဇာတများ ထုတ်လုပ်နိုင်မှု၊ သဘာဝအလှတရားများပြည့်စုံသည့်နိုင်ငံ ဖြစ်သည့်အတွက် ကမ္ဘာလှည့်ခရီးသွားများနှင့် ခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးနိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့်အခြေအနေ စသည့်အကြောင်းအရာများကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Republic of Buryatia ပြည်နယ်မှ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။

ဆွေးနွေးစဉ် လုပ်ငန်းရှင်များ၏ စိတ်ပါဝင်စားမှု အမြင့်ဆုံးဖြစ်လာသည်ကို မျက်နှာများတွင် အထင်းသားမြင်တွေ့ရသည်။ ကျန်းမာရေးကဏ္ဍအတွက် ဝန်ကြီးဌာနအချင်းချင်း၊ ဆေးရုံနှင့် ဆေးတက္ကသိုလ်များအချင်းချင်း ပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ ဖလှယ်ဆောင်ရွက်နိုင်မှုများကို အမြင်ချင်းဖလှယ်၍ ဆက်လက်ဆွေးနွေးကြသည်။ ပန်းကိုလို၍ အပင်ကိုပျိုးခြင်းသာမက မြေဆီ၊ မြေဩဇာပါ ဖြည့်သွင်းနိုင်သည်ဟု ယူဆနိုင်မည့် ဆွေးနွေးမှုများဖြစ်သည်။ အနာဂတ်ခြေလှမ်းများအတွက် အစပျိုးခြေလှမ်းဆိုသည်ထက်ပင် ပိုသည်ဟုဆိုနိုင်မည်ထင်ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား RZD “Russian Railways” စီးရထားလုပ်ငန်း၏ RZD International Railways မှ တာဝန်ရှိသူတစ်ဦးက ဘူတာရုံအတွင်း၌ ရှင်းလင်းပြသစဉ်။

**ဂုဏ်ပြုပန်းခွေချအလေးပြု**

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြသည်။ ထို့နောက် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့် ဆိုဗီယက်စစ်သည်များအား ဂုဏ်ပြုထွန်းညှိထားသည့် မငြိမ်းသောမီး (Memorial Eternal Flame)နေရာသို့ သွားရောက်သည်။ အစိုးရအဖွဲ့ရုံးအနီးတွင်သာရှိသည့်နေရာဖြစ်၍ တစ်ခဏအတွင်းနှင့်ရောက်ရှိပြီး တိုင်းပြည်အတွက် အသက်ပေးလှူသွားသည့် စစ်သည်များကို ဂုဏ်ပြုပန်းခွေချအလေးပြုကြသည်။ အသက်ထက်မြတ်သည့်ဂုဏ်ကို ပိုင်ဆိုင်သွားခဲ့ရသူများကို အလေးအနက်ထားဂုဏ်ပြုခြင်းဖြင့် စစ်သည်ကောင်းပီသမှုကို အကြီးအကဲပြသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို Irkutsk ပြည်နယ် အစိုးရအဖွဲ့အကြီးအကဲက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ ဂုဏ်ပြုညစာစားပွဲတွင် ထူးခြားချက်တစ်ချက်လည်းရှိသည်။ စက်တင်ဘာလ ၁၀ ရက်သည် Irkutsk ပြည်နယ်ထူထောင်မှု (၈၅)နှစ်ပြည့်မြောက်သည့်နေ့ဖြစ်ပြီး အထိမ်းအမှတ်အခမ်းအနားများကို စည်ကားစွာကျင်းပနေသည့် နေ့ရက်ဖြစ်သောကြောင့် ဖြစ်သည်။ ညစာစားပွဲမစတင်မီ အကြီးအကဲနှင့် ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲတို့က နှုတ်ခွန်းဆက်စကားများ ကိုယ်စီပြောကြားကြသည်။ (၈၅)နှစ်ပြည့်မြောက်ခဲ့သည့် ပြည်နယ်ထူထောင်မှုကို အလေးထားဖော်ပြသည့် ဂုဏ်ပြုစကားများ၊ ခိုင်မာသည့်ရလဒ်ကောင်းများ ထွက်ပေါ်ခဲ့သည့် တွေ့ဆုံဆွေးနွေးမှုအခြေအနေများအပြင် Irkutsk ပြည်နယ်နောင်နှစ်ပေါင်းများစွာတိုင်သည်အထိ ဒေသခံများအပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြည်သူအားလုံး ကိုယ်၊ စိတ်၊ နှလုံးချမ်းမြေ့စေရန် ဆုမွန်ကောင်းတောင်းကြပြီး ညစာစားပွဲကို စတင်သည်။

ပြည်နယ်တည်ထောင်သည့် နေ့ထူး၊ နေ့မြတ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိနေခြင်းဖြစ်သည့်အတွက် ဧည့်ခံဖျော်ဖြေသည့် သီဆိုဖျော်ဖြေမှုမှာ ပိုမိုမြူးကြွနေဟန်ရှိသည်။ အနုပညာရှင်များက ရိုးရာတေးသီချင်း၊ အကအလှများဖြင့် သီဆိုဖျော်ဖြေအပြီးတွင် အကြီးအကဲက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ဖျော်ဖြေရေးအဖွဲ့များက အချိုပေါ်သကာလောင်းသည့်နှယ် ပျော်ရွှင်ဝမ်းသာကြသည်။

ညစာစားပွဲအပြီးတွင် Irkutsk ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲက ထပ်မံဖိတ်ကြားခေါ်ဆောင်မှုတစ်ခုကိုပြုသည်။ တွေ့ဆုံရသည့်အချိန်ကာလတိုအတွင်း ရင်းနှီးချစ်ကြည်မှုကို ခိုင်မာစွာတည်ဆောက်နိုင်ခဲ့သည့်အတွက် သူနှင့်အတူ ပြည်နယ်ထူထောင်မှု (၈၅)နှစ်ပြည့်အထိမ်းအမှတ် မီးရှူး၊ မီးပန်းပစ်ဖောက်ဂုဏ်ပြုမှုကို လိုက်ပါကြည့်ရှုရန် ဖိတ်ကြားသည်။ ကြည့်ရှုမှုကိုလည်း ပြည်သူလူထုနှင့် အတူတကွကြည့်ရှုရန် စီမံထားပြီး ချစ်ကြည်ရင်းနှီးမှုကို ပုံဖော်ပြသလိုကြောင်း အညွှန်းစကားဖြင့် ဆိုသည်။ အချိန်ကာလအရ ညသန်းခေါင်အချိန်ရောက်ရှိနေသည့်တိုင် တစ်ဖက်အကြီးအကဲ၏အညွှန်းစကားဖြင့် ဖိတ်ကြားမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အပြုံးနှင့်လက်ခံ၍ လိုက်လံကြည့်ရှုအားပေးသည်။ မီးရှူး၊ မီးပန်း ပစ်ဖောက်ပြီးချိန်တွင် သန်းခေါင်ယံအချိန်ပင်ကျော်သည်အထိ ဂုဏ်ပြုအားပေးပြီး တစ်နေ့တာခရီးစဉ်အား အဆုံးသတ်သည်။

သတင်းမီဒီယာများထက်တွင် မီးရှူး၊ မီးပန်း ပစ်ဖောက်မှုကို အကြီးအကဲမှ ကြည့်ရှုအားပေးနေသည့် သတင်းစာသားနှင့် ဓာတ်ပုံကိုသာ မြင်တွေ့နိုင်သည်။ ရုရှား- မြန်မာနှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ နားလည်မှုတို့ကိုမူ မမြင်နိုင်။ သို့သော် နှစ်နိုင်ငံလုံးရှိ အကြီးအကဲများအပါအဝင် အပြုသဘောဆောင်သူတို့ကမူ တိတိကျကျပင် သိမြင်ခံစားနေလိမ့်မည်မှာ မလွဲဟု ယုံကြည်ရေးသားဖော်ပြအပ်ပါသည်။ ။

# ချေးငွေကျပ် ၇၄၃ ဒသမ ၆၄ သန်းဖြင့်ဝယ်ယူသောလယ်ထွန်စက်ကြီးခြောက်စီး၊ ရိတ်သိမ်းခြွေလှေ့စက် ခြောက်စီးအား တောင်သူ ၁၂ ဦးထံ လွှဲပြောင်းပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်းဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ (JICA, Two Step Loan) ဖြင့်ဝယ်ယူခွင့်ရရှိသော လယ်ယာသုံးစက်ကိရိယာများအား တောင်သူများလက်ဝယ်သို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မှော်ဘီမြို့နယ် မြန်မာ့ဆန်စပါးသုတေသနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းချိန်တွင် လုပ်သားရှားပါးလာမှုကို ကူညီဖြည့်ဆည်းပေးပြီး အဆင့်မြင့်နည်းပညာများဖြင့် သီးနှံများ အထွက်တိုးစေရန် လယ်ယာသုံးစက်ကိရိယာများကို စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေကျပ် ၇၄၃ဒသမ၆၄သန်းဖြင့် လယ်ထွန်စက်ကြီးခြောက်စီး၊ ရိတ်သိမ်းခြွေလှေ့စက် ခြောက်စီးဝယ်ယူခဲ့သော မြို့နယ်ငါးမြို့နယ်မှ တောင်သူ ၁၂ ဦးအား လက်ဝယ်သို့အရောက်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ယခင်




မြို့နယ် ၁၂ မြို့နယ်မှ တောင်သူ ၄၃၂ ဦးသို့ လယ်ယာသုံးစက်ကိရိယာ ၄၃၂ စီး ဝယ်ယူနိုင်ရန် ငွေကျပ် ၁၈၉၄၅ ဒသမ ၆၆ သန်း ထုတ်ချေးခွင့်ပြုထားပြီးဖြစ်ကြောင်း သိရသည့်အတွက် လုပ်ကိုင်နိုင်စွမ်းရှိသူ တောင်သူဦးကြီးများအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးပြောကြားလိုကြောင်း၊ လယ်ယာသုံးစက်ကိရိယာများ ရောင်းချနေသော ကုမ္ပဏီလုပ်ငန်းရှင်များမှ တောင်သူလက်ဝယ်သို့ အရည်အသွေးမြင့် စက်ကိရိယာများကို ဈေးနှုန်းမျှတစွာ ရောင်းချပေးကြရန်နှင့် ရောင်းချပြီးနောက်ပိုင်း After Sale Service ကိုကောင်းစွာဆောင်ရွက်ပေးကြရန်ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက တောင်သူဦးကြီးများ လယ်ယာသုံးစက်ကိရိယာများကို ချေးငွေဖြင့် ဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ခရမ်း၊ သုံးခွ၊ တိုက်ကြီး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တို့မှ တောင်သူ ၁၂ ဦးတို့အား ဝယ်ယူခဲ့သည့် လယ်ယာသုံးစက်ပစ္စည်းများ၏ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်သူများနှင့် အခမ်းအနား တက်ရောက်လာကြသူများကို တွေ့ဆုံနှုတ်ဆက်ပြီး ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေး ချမှတ်ထားသော စည်းကမ်းများကို လိုက်နာကြရန် မှာကြားပြီး လယ်ယာသုံးစက်ကိရိယာများ ခင်းကျင်းပြသမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## သာစည်မြို့နယ်၌ မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း နည်းပညာပေးခြင်းနှင့် စုပေါင်းမြေသြဇာကြဲပက်ပွဲ ပြုလုပ်

သာစည် စက်တင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၂-၂၀၂၃ မိုးရာသီတွင် မိုးစပါး မျိုးကောင်းမျိုးသန့်မျိုးစေ့များရရှိစေရန် မျိုးသန့်စိုက်ခင်းများ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးပြီးသောစိုက်ခင်းများကို ဓာတ်မြေသြဇာ အချိန်ကိုက် အချိုးညီသုံးစွဲတတ်စေရန်နှင့် အလေအလွင့်နည်းပါးစေရန် နည်းပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီက မင်းလှကျေးရွာအုပ်စု ကွင်းအမှတ် (၁၈၄၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသက်သာ မနောသုခမျိုးစေ့ထုတ်စိုက်ခင်း လေးဧက၌ နည်းပညာပေးခြင်းနှင့် စုပေါင်းမြေသြဇာကြဲပက်ခြင်း ပြုလုပ်ကြောင်း သိရသည်။

စုပေါင်းမြေသြဇာကြဲပက်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဌေးဌေးက မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများတွင် ဓာတ်မြေသြဇာ အချိန်ကိုက် အချိုးညီသုံးစွဲတတ်စေရန်နှင့် အလေအလွင့်နည်းပါးစေရန် နည်းပညာများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် တောင်သူများစုပေါင်း၍ စိုက်ခင်းအတွင်း ပေါင်းရှင်းခြင်း၊ ဓာတ်မြေသြဇာကြဲပက်ခြင်းနှင့် တမန်းနှိုးခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

စုပေါင်းမြေသြဇာကြဲပက်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်စန္ဒာလင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။

## ကျေးလက်နေပြည်သူများ စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မြှင့်တင်ခြင်းစီမံကိန်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် စက်တင်ဘာ ၂၀

ကျေးလက်နေ ပြည်သူများ စားနပ်ရိက္ခာ ဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မြှင့်တင်ခြင်း စီမံကိန်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ရုံးအမှတ်(၃၆)၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ စီမံကိန်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် CESVI Myanmar အဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် CESVI Myanmar အဖွဲ့ Country Director Mr. Paolo Felice တို့က နားလည်မှုစာချွန်လွှာကို အပြန်အလှန် လက်မှတ်ရေးထိုးခဲ့ကြသည်။

စီမံကိန်းကာလ သုံးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၁၂၄ သန်းဖြင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ရှိ မြို့နယ် ၁၂ မြို့နယ်တွင် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သော အသက်မွေးဝမ်းကျောင်းစနစ်များ ပံ့ပိုးပေးခြင်း၊ ဘေးကင်းလုံခြုံသော စိုက်ပျိုးရေးထုတ်ကုန်များကို ဈေးကွက်နှင့်ချိတ်ဆက်ပေးခြင်း၊ ရပ်ရွာအဆင့် လူထုကိုယ်တိုင်ပါဝင်သော ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲနိုင်ရေး စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ သက်ဆိုင်ရာဦးစီးဌာနများမှ တိုးချဲ့ပညာပေး ဝန်ထမ်းများကို စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

ယင်းစီမံကိန်းမှ ကျေးလက်ဒေသရှိ အိမ်ထောင်စု ၅၀၀၀ ၏ ထုတ်လုပ်မှု တန်ဖိုးမြှင့် ကွင်းဆက်စနစ် ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်း၊ အပူပိုင်းဒေသရှိ ကျေးရွာ ၃၅၀ မှ ဒေသခံအစုအဖွဲ့များ၏ လူမှုစီးပွားဘဝ မြှင့်မားလာခြင်းနှင့် လူထုတိုးချဲ့ပညာပေးရေး လုပ်ငန်းများတွင် အောင်မြင်မှုရရှိလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျုံပျော်၌ မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း မျိုးကွဲပယ်ခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်

ကျုံပျော် စက်တင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ နည်းစနစ်တကျ စပါးမျိုးသန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး



နှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်ကို ပိုမိုအသုံးပြုနိုင်ရေးရည်ရွယ်၍ မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း မျိုးကွဲပယ်ခြင်း ကွင်းသရုပ်ပြပွဲကို မြေရဲတောင်ကွင်းရှိ တောင်သူဦးတင်ရှိန်၏ မှော်ဘီသုံးမျိုးစေ့ထုတ် စိုက်ခင်းအတွင်း၌ ယနေ့နံနက် ၇ နာရီခွဲက ကျင်းပသည်။

ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်/တိုး/မြှင့် အဖွဲ့များ၊ မြေရဲတောင်နှင့် ပျဉ်ချဆိပ်ကျေးရွာအုပ်စုတို့မှ တောင်သူ ၇၀ တက်ရောက်ခဲ့ကြပြီး ပန်းပွင့်ချိန် မျိုးကွဲနုတ်ပယ်ခြင်းအား စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြသည်။

ကျုံပျော်မြို့နယ်၌ မိုးစပါးစိုက်ဧကပေါင်း ၁၁၅၄၀၈ ဧက စိုက်ပျိုးထားပြီး ကျေးရွာအုပ်စု ၂၉ ခုရှိ တောင်သူ ၇၄ ဦးတို့က မျိုးသန့်စိုက်ဧက ၂၃၇ ဧက ထည့်သွင်းစိုက်ပျိုးထားကြောင်း၊ အဆိုပါ မျိုးသန့်စပါးများ အရည်အသွေးပြည့်မီရေး၊ စံချိန်စံညွှန်း ကောင်းမွန်ရေးအတွက် မြို့နယ်စိုက်၊ တိုး၊ မြှင့်အဖွဲ့များက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဆရာဝန် (သစ်လွင် / သွားနှင့်ခံတွင်း)၊ ဆရာဝန် (သရုပ်ပြ)၊ လက်ထောက်ဆရာဝန်ရာထူးများ ကြော်ငြာခေါ်ယူထားရှိခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့တွင် လစ်လပ်လျက်ရှိသော ဆရာဝန် (သစ်လွင်/ သွားနှင့်ခံတွင်း)၊ ဆရာဝန် (သရုပ်ပြ)၊ ဦးစီးအရာရှိ [အစားအသောက်/ ဆေးဝါး/ (ဆေးပစ္စည်း/ အလှကုန်)/ ဓာတ်ခွဲ]၊ လက်ထောက်ဆရာဝန်နှင့် တာဝန်ခံဆရာဝန်ရာထူး (၃၀၈)နေရာတို့အတွက် ကြော်ငြာစာအမှတ်၊ ၄/၂၀၂၂ ဖြင့် ၂၇-၈-၂၀၂၂ နှင့် ၂၈-၈-၂၀၂၂ ရက်နေ့တို့တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာတို့၌ ကြော်ငြာခေါ်ယူထားရှိပြီးဖြစ်ပါသည်။

၂။ ဖော်ပြပါ ဝန်ကြီးဌာန (၃)ခု၏ ဆရာဝန်လစ်လပ်ရာထူးနေရာများအတွက် လျှောက်ထားရာတွင် ဆေးကုသခွင့်လိုင်စင် (ဆမ/သခ) ရရှိပြီး ဆရာဝန်များ လျှောက်ထားနိုင်သည့်အပြင် အလုပ်သင် ဆရာဝန်ပြီးမြောက်သူများလည်း အလုပ်သင်ပြီးမြောက်ကြောင်း ထောက်ခံစာပူးတွဲလျက် လျှောက်ထားနိုင်ပါသည်။ အလုပ်လျှောက်ထားရာတွင်လည်း မိမိစတင် တာဝန်ထမ်းဆောင်လိုသည့် ဒေသများကို ဦးစားပေးဖော်ပြ၍ လျှောက်ထားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ လျှောက်ထားသူများအားလုံးကိုလည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေ ၁၅ ကို ကျင့်သုံး၍ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းမပြုဘဲ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းကိုသာ ဆောင်ရွက်ပြီးရွေးချယ်မည့် စာရင်းထုတ်ပြန်ပေးမည်ဖြစ်ပါသည်။ ရွေးချယ်ခြင်းခံရသူများကို ယခင်ကကဲ့သို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သည့် အရာထမ်းလောင်းအခြေခံသင်တန်းများသို့ လတ်တလောတွင် တက်ရောက်စေခြင်းမပြုသေးဘဲ သက်ဆိုင်ရာဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းသစ်များအဖြစ် ဦးစွာခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပါသည်။

၃။ ခန့်အပ်ခြင်းခံရမည့် ဆရာဝန်များအနက် အလုပ်သင်ဆရာဝန်များအနေဖြင့် စတင်တာဝန်ထမ်းဆောင်ချိန်တွင် ဆေးကုသခွင့်လိုင်စင် (ဆမ/ သခ) လက်မှတ်ရရှိရေးအတွက် သက်ဆိုင်ရာဌာနမှ ထောက်ခံချက်ထုတ်ပေးမည်ဖြစ်သည့်အပြင် ခန့်အပ်ခြင်းခံရမည့် ဆရာဝန်များအားလုံးကို ဆေးပညာ မဟာသိပ္ပံဘွဲ့လွန် သင်တန်းတက်ရောက်ခွင့်ရရှိရေးအတွက် ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ကိုလည်း ခွင့်ပြုပေးမည်ဖြစ်ပါသည်။

၄။ ဆရာဝန် (သစ်လွင်/ သွားနှင့်ခံတွင်း) ရာထူးအတွက် စတင်တာဝန်ထမ်းဆောင်သူများသည် မိမိတာဝန်ထမ်းဆောင်ရမည့် ဆေးရုံတွင် သတ်မှတ်ကာလပြည့်အောင် တာဝန်ထမ်းဆောင်ပြီးပါက နိုင်ငံတော်၏ လုပ်ငန်းလိုအပ်ချက်အရ နိုင်ငံတစ်ဝန်းလုံးရှိ အခြားဆေးရုံများသို့လည်း နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူလည်း ဖြစ်ရပါမည်။

၅။ မိမိတို့ ကြိုးစားလေ့လာအားထုတ်သင်ယူခဲ့သည့် ဆေးပညာရပ်များ၊ အတွေ့အကြုံများကို အမှန်တကယ်အသုံးချ၍ တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် တစ်ထောင့်တစ်နေရာမှ အလုပ်အကျွေးပြုကျေးဇူးဆပ်ရာရောက်မည်လည်းဖြစ်သဖြင့် ဆေးပညာဘွဲ့ ရရှိထားသည့် ညီငယ်၊ ညီမငယ်များအနေဖြင့် လျှောက်လွှာပိတ်ရက်ဖြစ်သည့် (၂၇-၉-၂၀၂၂) ရက်နေ့မတိုင်မီ အချိန်မီလျှောက်ထားနိုင်ရေးကို အသိပေးတိုက်တွန်းအပ်ပါသည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

❖ ကျောဖုံးမှ

ဖိတ်ကြားချက်အရ အရှေ့ဖျားဒေသစီးပွားရေးဖိုရမ်(EEF)သို့ ပါဝင်တက်ရောက်ခဲ့မှုနှင့် ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးမှု အပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးနိုင်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်နစ်နာခဲ့သည့် စီးပွားရေးလုပ်ငန်းများအပါအဝင် အခက်အခဲမျိုးစုံများအကြားမှ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်တွေ့ကျသည့် နည်းလမ်းပေါင်းစုံကို အသုံးပြုဆောင်ရွက်လျက်ရှိသကဲ့သို့ ငွေကြေးဆိုင်ရာကိစ္စရပ်များကိုလည်း စောင့်ကြည့်၊ ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူထမ်းဆောင်ခဲ့သည့် ၁၈ လတာကာလအတွင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လတ်တလော ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ထောက်ပံ့ကူညီမှု အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလျက်ရှိသည့် အခြေအနေများနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ နိုင်ငံတော်အတွင်း အကြမ်းဖက်လုပ်ဆောင်မှုများနှင့် အကြမ်းဖက်အားပေးမှုများမဖြစ်စေရန် ပြည်သူလူထုသို့ အသိပေးချက်များနှင့် စပ်လျဉ်း၍ PowerPoint Presentation များ၊ Video ဖိုင်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများကို စစ်ဆေးဆောင်ရွက်မှုအခြေအနေများ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း ရွှေ့ပြောင်းလုပ်ငန်းစီမံချက်အရ ပြုစုပြီးသည့် လူဦးရေစာရင်းအပေါ် စိစစ်ဆောင်ရွက်မှုအခြေအနေများ အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ PowerPoint Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက်ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းရင်းဆေးဆရာများ၏ ဆေးကုသမှုစွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းဖွင့်





**နေပြည်တော် စက်တင်ဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ ကြီးမှူးဖွင့်လှစ်သော တိုင်းရင်းဆေးဆရာများ၏ ဆေးကုသမှုစွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) အဆောက်အအုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ နာယက တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အလုပ်အမှုဆောင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဗဟိုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဦးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ သင်တန်းသား သင်တန်းသူ၊ တိုင်းရင်းဆေးဆရာ ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးစိုးဝင်းက သင်တန်းဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့မှုများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပထမဆုံးအကြိမ် ပူးပေါင်းဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး တတိယအကြိမ်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းတွင် ဆေးဝါး၊ ဆီးချို၊ သွေးတိုး၊ အဆစ်ရောင် ဘာသာရပ်များကို တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဦးဝင်းစိုး၊ ပါမောက္ခ ဦးဌေးလွင်၊ ဒုတိယပါမောက္ခ ဒေါ်သန္တာခိုင်တို့က ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

သင်တန်းကို စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်ထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ သင်တန်းသား သင်တန်းသူ၊ တိုင်းရင်းဆေးဆရာ ဆရာမတို့ တက်ရောက်ကြကြောင်း သိရသည်။ **ထွန်းထွန်း**

## စက်ရေတွင်းတူးဖော်ခြင်းနှင့် Cash For Work စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပုသိမ် စက်တင်ဘာ ၂၀**

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျောက်ချောင်းကြီးကျေးရွာအုပ်စု ဇီးကုန်းကျေးရွာ၌ အလှူရှင်နှင့် ဌာနရန်ပုံငွေဖြင့် တွင်းနက်တူးဖော်ခြင်း



လုပ်ငန်းနှင့် မဒေါ့ကုန်းကျေးရွာ၌ Cash For Work စီမံကိန်းဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းနှင့် လမ်းဘေးရေမြောင်းတူးခြင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်က ကွင်းဆင်းစစ်ဆေးရာ ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးနိုင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပြီးစီးမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး ဦးစီးမှူးက အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး လမ်းညွှန်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိကာ တစ်ဦးချင်းလုပ်အားခ ရရှိမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**၂၂၂**

## ချောင်းသာမြို့တွင် စားဝတ်နေရေးအခက်အခဲရှိသည့် ပြည်သူများအား စားနပ်ရိက္ခာများ ထောက်ပံ့

**ချောင်းသာ စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့တွင် လက်လုပ်လက်စား ပြည်သူများအား စားနပ်ရိက္ခာများ ထောက်ပံ့ပေးခြင်းကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်မှုဖြင့် မြို့အဆင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက အမှတ်(၁)ရပ်ကွက်အတွင်းရှိ စားဝတ်နေရေး အခက်အခဲရှိသည့် အိမ်ထောင်စုတစ်စုလျှင် ဆန် သုံးပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ကြက်ဥငါးလုံးနှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၉၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ စားနပ်ရိက္ခာများကို မြို့အဆင့် ဌာနဆိုင်ရာများနှင့် မြို့စီးပွားရေးလုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး အမှတ်(၂)နှင့် (၃)ရပ်ကွက်တို့မှ စားဝတ်နေရေး အခက်အခဲရှိသည့်အိမ်ထောင်စု ၁၈၀ အား ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။ **ချောင်းသာ(ပြန်/ဆက်)**

# ရေဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ် စက်တင်ဘာ ၂၀**

ရေဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၇/၂၀၂၂)ကို ယနေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ရာ တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များနှင့် ခရိုင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းက "ကိုဗစ်-၁၉ရောဂါ ပြန်လည်တွေ့ရှိလာသည့်အတွက် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ သက်တမ်းမကုန်မီ အချိန်မီထိုးနှံပြီးစီးစေရေး အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအလိုက် ရောဂါပိုးတွေ့ရှိမှုအခြေအနေများ၊ ဆေးရုံများ၌ ကုသပေးနေမှုအခြေအနေများနှင့် ကာကွယ်ဆေးများထိုးနှံပြီးစီးမှုအခြေအနေများအား ဆွေးနွေးတင်ပြသည်။

ယင်းနောက် ခရိုင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီအဖွဲ့ဝင်များ၏ အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေး စကားဝိုင်းဆွေးနွေး

**တောင်ကြီး စက်တင်ဘာ ၂၀**

ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေး အစိုးရနှင့်ပုဂ္ဂလိက တွေ့ဆုံစကားဝိုင်းဆွေးနွေးခြင်းကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်(တောင်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

စကားဝိုင်း ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက စားသုံးဆီဖူလုံရေး၊ ပြည်ပမှစားသုံးဆီ တင်သွင်းနေမှု လျှော့ချရေးများကို မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိရာ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်ရေးသည် အဓိကကျသည့် ကဏ္ဍဖြစ်ကြောင်း၊ ရှမ်းပြည်နယ်တွင် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများ၏မူဝါဒများ၊ စီမံချက်များကို လုပ်ငန်းရှင်များ၊ တောင်သူအစုအဖွဲ့များ သိရှိနိုင်ရန်နှင့် မြေပြင်မှာ လက်တွေ့လုပ်ကိုင်နေကြသည့် တောင်သူများနှင့် လုပ်ငန်းရှင်များ တွေ့ကြုံနေရသည့်အခြေအနေ၊ အခက်အခဲများကို ဌာနဆိုင်ရာများနှင့် အစိုးရအဖွဲ့မှ မည်ကဲ့သို့ကူညီဖြေရှင်းပေးရမည်ကို မျက်နှာချင်းဆိုင်ဆွေးနွေးရန် ယနေ့စကားဝိုင်းကို ဆွေးနွေးကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလေးနိုင်က အခွင့်အလမ်းများ ရှင်းလင်းခြင်း၊ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးငြိမ်းထွန်း၊ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။

ထို့နောက်ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေး အခက်အခဲများနှင့် စိန်ခေါ်မှုများ၊ လိုအပ်ချက်များနှင့် အကြံပြု တင်ပြချက်များ၊ သွင်းအားစုများနှင့် ပြည်ပတင်ပို့ခြင်းအတွက် အခက်အခဲနှင့် စိန်ခေါ်မှုများ လိုအပ်ချက်နှင့် အကြံပြုတင်ပြချက်များ၊ ရင်းနှီးမြှုပ်နှံမှုအတွက် မတည်ရင်းနှီးငွေနှင့် ပတ်သက်သော အခက်အခဲနှင့် စိန်ခေါ်မှုများ၊ လိုအပ်ချက်နှင့် အကြံပြုတင်ပြချက်များ၊ ဦးစီးဌာနအဆင့်၊ ပြည်နယ်အစိုးရအဖွဲ့အဆင့်၊ ဝန်ကြီးဌာနအဆင့်၊ နိုင်ငံတော်အဆင့်က ကူညီဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များ ဆွေးနွေးကြပြီး စကားဝိုင်းဆွေးနွေးပွဲမှ လုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းရာ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းတို့က ဖြည့်စွက်ရှင်းလင်း ဆွေးနွေးပြောကြားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပဲခူး စက်တင်ဘာ ၂၀**

အိုဇုန်းလွှာ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းစဉ်များကို အားလုံးပူးပေါင်းဆောင်ရွက်မှသာ ကောင်းမွန်ပြီး သာယာလှပသည့် ကမ္ဘာမြေကြီးကို အနာဂတ်မျိုးဆက်သစ်များဆီသို့ လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ကမ္ဘာပေါ်တွင် စွမ်းအင်အရင်းအမြစ်များ၊ ဒြပ်ပစ္စည်းများ မဆင်မခြင်သုံးစွဲမှုများကြောင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် နေ့စဉ်ကြုံတွေ့နေရကြောင်း၊ အဓိကအားဖြင့် ကမ္ဘာ့အိုဇုန်းလွှာပျက်စီးမှုကို ထိန်းသိမ်းကာကွယ်နိုင်မှသာ သက်ရှိကမ္ဘာ ရေရှည်တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အတွက် ဆောင်ပုဒ်မှာ "၃၅ နှစ်တာ မွန်ထရီရယ် အောင်မြင်မှုခရီး သက်ရှိတွေကာကွယ်ဖို့ ကမ္ဘာနှင့်အဝှမ်း ပူးပေါင်းဆောင်ရွက်စို့" အဖြစ်သတ်မှတ်ထားရပြီးဖြစ်သဖြင့် စာချုပ်ပါအချက်အလက်များကို ကဏ္ဍအလိုက် တိတိကျကျလိုက်နာ၍ မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အိုဇုန်းလွှာထိန်းသိမ်း ကာကွယ်ရေးလုပ်ငန်းစဉ်များကို အားလုံး ပူးပေါင်းဆောင်ရွက်မှသာ ကောင်းမွန်ပြီး သာယာလှပသည့် ကမ္ဘာကြီးကို အနာဂတ်မျိုးဆက်သစ်များဆီသို့ လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံး ပထမဆုရရှိသူကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ ဒုတိယဆုရရှိသူကို တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်ကလည်းကောင်း၊ တတိယဆုရရှိသူအား ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ၂၀၂၂ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဗီဒီယိုကို ကြည့်ရှုကြပြီး ခန်းမအတွင်း ပြသထားသော ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးစာစောင်များ၊ ပိုစတာများ၊ ဆုရကျောင်းသားကျောင်းသူများ၏ စာစီစာကုံးများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒေသအတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေး ကျင်းပ

**ထားဝယ် စက်တင်ဘာ ၂၀**

ဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် မတည်ထောက်ပံ့ငွေများကို စနစ်တကျထုတ်ပေးနိုင်ရေးနှင့် မတည်ထောက်ပံ့ငွေများ တိုးပွားလာစေရေး အထူးဂရုပြု လုပ်ဆောင်သွားကြရန်လိုကြောင်း၊ နွေစပါးစိုက်ပျိုးရန်ခက်ခဲသည့်နေရာများတွင် ပဲစိမ်းသပ်စိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် အမှန်တကယ်လိုအပ်သည့်နေရာများနှင့် အရေးတကြီး လိုအပ်သောနေရာများအတွက် မတည်ထောက်ပံ့ငွေများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက ဆောင်ရွက်သင့်သည့်လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြပြီး ဌာနဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ပွင့်လင်းရာသီတွင် ကော့သောင်းနှင့်မြိတ်ကျွန်းစုတို့၌ အပန်းဖြေလေ့လာနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေ



**ရန်ကုန် စက်တင်ဘာ ၂၀**

ကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်တွင်းခရီးသွားများကို ဆွဲဆောင်လျက်ရှိသော တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းနှင့်မြိတ်ခရိုင်တို့တွင်ရှိသည့် ကျွန်းစုများ၌ ပွင့်လင်းရာသီတွင် ပြည်တွင်း/ပြည်ပ ခရီးသွားများ အပန်းဖြေလေ့လာနိုင်ရန် ကြိုတင်ပြင်ဆင်နေကြောင်း နေပြည်တော်ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ခရီးသွားရာသီသို့ ဝင်ရောက်ချိန်တွင် ကော့သောင်းခရိုင်နှင့် မြိတ်ခရိုင်အတွင်းရှိ ကျွန်းစုများ၌ ပြည်တွင်း/ပြည်ပ ခရီးသွားများ စတင်ဝင်ရောက်လေ့ရှိသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်မှစ၍ ခရီးသွားလုပ်ငန်းကျဆင်းခဲ့ရာ နိုင်ငံတော်မှ ခရီးသွားကဏ္ဍဖော်ဆောင်မှုဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်တွင် ပြည်တွင်း/ပြည်ပ လေကြောင်းလိုင်းနှင့် နိုင်ငံတစ်ဝန်းခရီးသွားကဏ္ဍကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ကော့သောင်းနှင့် မြိတ်ကျွန်းစု အပန်းဖြေခရီးစဉ်တွင် ကနဦးအနေဖြင့် ပြည်တွင်းခရီးသွားများ ဝင်ရောက်၍ နိုင်ငံခြားသားခရီးသွားများ ဆက်လက်လည်ပတ်နိုင်ရန် ဆောင်ရွက်ထားကြောင်း၊ ကော့သောင်းနှင့်မြိတ်ကျွန်းစု အပန်းဖြေခရီးသွားလုပ်ငန်းတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြိုတင်ကာကွယ်ရေး အစီအမံများဖြင့် ခရီးသွားကဏ္ဍကိုဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားသည်။

**မြိတ်ကျွန်းစု၌ ကျွန်းပေါင်း ၂၀၀ ကျော်ရှိ**

တနင်္သာရီတိုင်းဒေသကြီးတွင် ကျွန်းပေါင်း ၈၀၀ ကျော်ရှိပြီး မြိတ်ကျွန်းစု၌ ကျွန်းပေါင်း ၂၀၀ ကျော်ရှိရာ မြန်မာနိုင်ငံတွင် တစ်ခုတည်းသော အဏ္ဏဝါဥယျာဉ်ဖြစ်သည့် လန်ပိကျွန်းတည်ရှိရာ ကျွန်းစုဖြစ်သည်။ အဏ္ဏဝါပညာရှင်များ သုတေသနပြုချက်အရ ကုန်းမြေနှင့်ရေစပ်တို့တွင် ပေါက်ရောက်သော အမြဲစိမ်းသစ်တောအမျိုးအစား ၁၉၅ မျိုး၊ ဒီရေတောနှင့်သဲခုံတောများတွင် ပေါက်ရောက်သည့် သဘာဝပေါက်ပင်အမျိုးအစား ၆၃ မျိုး ရှင်သန်ပေါက်ရောက်လျက်ရှိပြီး သန္တာကျောက်တန်းများ၌ နို့တိုက်သတ္တဝါ ၁၉ မျိုးနှင့် သွေးအေး/သွေးနွေး မျိုးစိတ်များ ရှင်သန်လျက်ရှိသည်။

ကော့သောင်းခရိုင်တွင် လန်ပိကျွန်း၊ ဗိုလ်ချိုကျွန်း၊ လှိုင်ဂူကျွန်း၊ စေတန်ကျွန်း၊ ကိုဖော့ကျွန်း၊ တောင်လပို့ကျွန်း၊ ညောင်ဦးဖီးကျွန်း၊ နတ်သမီးရေတွင်းကျွန်း၊ ဒုံးကျွန်း၊ ဒုံးရေတံခွန်ကျွန်း၊ ငမန်းကျွန်း၊ ၂၅၄နှင့် ၂၅၆ကျွန်း၊ မြန်မာဘမ်းကျွန်း၊ အောက်နီးကျွန်း၊ တောင်တော်ဝင်ကျွန်း၊ မြောက်တော်ဝင်ကျွန်း၊ ခရင်းခွကျွန်း၊ ကျွန်းဖီလာနှင့် နာနတ်သီးကျွန်းတို့သည် ပြည်တွင်း/ပြည်ပခရီးသွား အများဆုံး အပန်းဖြေလည်ပတ်ရာကျွန်းများဖြစ်ပြီး မြိတ်ကျွန်းစုရှိကျွန်းများတွင် သဘာဝအလှနှင့်ပြည့်စုံသော သမီးလှကျွန်း၊ တောင်ပံကြီးကျွန်း၊ ဘောလီကျွန်းတို့ကို ခရီးသွားများနှစ်သက်လေ့ရှိကာ ကျွန်းဘုရင်(ခေါ်)လေးကျွန်းနှင့် စမတ်ကျွန်း(ခေါ်)ပါပကျွန်း၊ အသဲပုံကျွန်း၊ ၁၁၅ ကျွန်းနှင့် ဝအလယ်ကျွန်းတို့သည် အပန်းဖြေခရီးစဉ်တို့တွင် လူကြိုက်များနာမည်ကြီးသော နေရာများဖြစ်သည်။

မြိတ်ကျွန်းစုခရီးသွားလုပ်ငန်းကို ၂၀၁၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၉ ခုနှစ်အထိ တနင်္သာရီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းတိုးတက်ကောင်းမွန်ခဲ့ကာ ရက်ရှည်ရုံးပိတ်ရက်တို့တွင် လာရောက်လည်ပတ်အပန်းဖြေသူ တစ်ရက်လျှင် ခရီးသွား ၂၀၀ မှ ၃၀၀ အထိရှိခဲ့ရာ ခရီးသွားများ အဆင်ပြေစေရန် Speed Boat နှင့် အမြန်ရေယာဉ်များပြေးဆွဲခြင်း၊ ဧည့်လမ်းညွှန်များက ခရီးသွားများ အန္တရာယ်ကင်းရှင်းစေရန်နှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရန် သက်ဆိုင်ရာ ဌာနဆိုင်ရာတို့၏ လမ်းညွှန်မှုနှင့်အညီ ဒေသခံများပူးပေါင်းဆောင်ရွက်မှုဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ခဲ့ကြောင်း သိရသည်။

**အသိအမှတ်ပြုတံဆိပ် ထုတ်ပေးထား**

"ဒီနှစ်ပွင့်လင်းရာသီမှာ ခရီးသွားလုပ်ငန်းကို မျှော်လင့်ထားပါတယ်။ ပြည်တွင်းခရီးသွားနဲ့ စတင်ဖို့ရည်ရွယ်ထားတာကြောင့် ပြင်ဆင်နေပါတယ်။ ဟိုတယ်တွေဖွင့်လှစ်ထားပြီး အချို့လည်း ပွင့်လင်းရာသီအတွက် ပြင်ဆင်နေတယ်လို့ သိရပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ပြီး ခရီးသွားနိုင်ဖို့ ဝက်ဘ်ဆိုက်တွေ၊ မီဒီယာတွေမှာ ဖော်ပြထားတာရှိတယ်။ အဓိကဟိုတယ်တွေမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး သတ်မှတ်စည်းကမ်းနဲ့အညီ ယုံကြည်စွာ ဝန်ဆောင်မှုကို လက်ခံနိုင်ဖို့ HSP နဲ့ညီညွတ်တဲ့ဟိုတယ်တွေကို နိုင်ငံတော်အဆင့် အသိအမှတ်ပြုတံဆိပ် ထုတ်ပေးထားတာကြောင့် ခရီးသွားတွေ စိတ်ချစွာတည်းခိုနိုင်အောင် ဆောင်ရွက်ထားတာရှိပါတယ်။ ဧည့်လမ်းညွှန်တွေကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်မှုနဲ့ ပတ်သက်ပြီး ဌာနက သင်တန်းပို့ချပေးထားပါတယ်။ ဒါကြောင့် ခရီးသွားတွေအနေနဲ့ မိမိတို့ခရီးစဉ်ဒေသမှာ စိတ်လက်ပေါ့ပါးစွာ အပန်းဖြေတည်းခိုနိုင်အောင် ဆောင်ရွက်နေပါတယ်။ ကော့သောင်းနဲ့မြိတ်ကျွန်းစုဟာ အပန်းဖြေမှုနဲ့ လေ့လာရေးခရီးစဉ်နှစ်မျိုးရနိုင်တဲ့ အကောင်းဆုံးနေရာဆိုရင် မမှားပါဘူး"ဟု နေပြည်တော် ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးက ပြောသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ဆိုးလ်မြို့၌ကျင်းပသော အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲတွင် နိုင်ငံကိုယ်စားပြုအဖြစ်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ၌ ကျင်းပသော ဟိုချီမင်းခရီးသွားပြပွဲတွင်လည်းကောင်း မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍအတွက် ဖိတ်ခေါ်ခဲ့ပြီး ၂၀၂၃ ခုနှစ် ခရီးသွားရာသီ၌ နိုင်ငံအတွင်း ခရီးသွားလည်ပတ်နိုင်ရန် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျွန်းစုများတွင် လာရောက်အပန်းဖြေလေ့လာကြသည့် ခရီးသွားများအနေဖြင့် Sea Gipsy ဟု တင်စားခေါ်ဝေါ်ကြသည့် ဆလုံလူမျိုးများ ကဗန်းလှေဖြင့် ပင်လယ်အတွင်း လှည့်လည်သွားလာနေထိုင်သော လူနေမှုဘဝပုံစံများ၊ ပင်လယ်ပြင်နှင့် ကျွန်းစုများ၏သဘာဝအလှ၊ ပင်လယ်ရေအောက် သန္တာကျောက်တန်းများနှင့် ငါးမျိုးစိတ်များကို ရေငုပ်၍လေ့လာခြင်း၊ ငါးမျှားအပန်းဖြေခြင်း၊ ဝေလငါးနှင့် လင်းပိုင်များကိုလေ့လာခြင်း၊ ကျွန်းစုများတွင်ရှိသော ပင်လယ်လိပ်၊ ပင်လယ်ဖျံ၊ အောက်ချင်းငှက်၊ ပင်လယ်လိပ်ပြာ၊ မလိငှက်၊ ဇီဝစိုးငှက်နှင့် ငှက်မျိုးစိတ်များကို လာရောက်လေ့လာလေ့ရှိသည်။

ကမ္ဘာတွင် အကောင်းဆုံးရွှေရောင်ပုလဲထွက်ရှိရာ ကော့သောင်းနှင့်မြိတ်ကျွန်းစုသို့ ပွင့်လင်းရာသီ၌ ခရီးသွားများ ပိုမိုဝင်ရောက်လာရန် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များ၊ ရေယာဉ်မောင်းသူများနှင့် ဒေသခံများကလည်း မျှော်လင့်ထားကြောင်း သိရသည်။ **ညီမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**

**"ကမ္ဘာတွင် အကောင်းဆုံး ရွှေရောင်ပုလဲထွက်ရှိရာ ကော့သောင်းနှင့်မြိတ်ကျွန်းစုသို့ ပွင့်လင်းရာသီ ၌ ခရီးသွားများ ပိုမိုဝင်ရောက်လာရန် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များ၊ ရေယာဉ်မောင်းသူများနှင့် ဒေသခံများကလည်း မျှော်လင့်ထား"**





# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၁၀၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၉၉ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၁၀၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၉၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၃၀) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၄၆,၈၄၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၉,၅၆၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၅,၈၄၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူ (၂) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၅၀) ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၉-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၃၈) ဦးရှိရာ ၎င်းတို့အနက် (၉၇) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါအခံတစ်ခုခုရှိသူများဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၇၉.၄)ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၈.၆) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၂) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၇၉.၄ ရာခိုင်နှုန်းသည် | ၁၈.၆ ရာခိုင်နှုန်းသည် | ၂ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါအခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၅၅၄၅၅၅ | ၉၄၀၅၅၄၈၀ | ၁၀၇၈၉၃၈ |
| ၂။ | အိန္ဒိယ | ၄၄၅၄၃၀၈၉ | ၄၃၉၆၇၃၄၀ | ၅၂၈၃၇၀ |
| ၃။ | ပြင်သစ် | ၃၄၉၂၁၆၀၃ | ၃၄၃၅၅၂၁၈ | ၁၅၄၇၄၃ |
| ၄။ | ဘရာဇီး | ၃၄၆၃၆၇၃၁ | ၃၃၇၅၀၄၅၉ | ၆၈၅၄၈၂ |
| ၅။ | ဂျာမနီ | ၃၂၇၄၀၅၉၃ | ၃၁၉၉၆၅၀၀ | ၁၄၉၀၇၉ |
| ၆။ | တောင်ကိုရီးယား | ၂၄၄၆၁၇၃၇ | ၂၃၃၈၉၅၅၈ | ၂၇၈၉၁ |
| ၇။ | ဗြိတိန် | ၂၃၅၈၅၃၀၅ | ၂၃၃၀၇၇၇၁ | ၁၈၉၄၈၄ |
| ၈။ | အီတလီ | ၂၂၁၆၉၂၇၃ | ၂၁၅၆၅၄၄၂ | ၁၇၆၆၀၉ |
| ၉။ | ဂျပန် | ၂၀၇၄၀၇၉၇ | ၁၉၈၅၉၅၈၁ | ၄၃၈၂၇ |
| ၁၀။ | ရုရှား | ၂၀၅၃၅၀၅၇ | ၁၉၄၇၇၈၂၅ | ၃၈၆၂၃၄ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၆၃၄၀၄ | ၁၀၅၈၁၀၂၂ | ၄၃၁၄၂ |
| ၂။ | အင်ဒိုနီးရှား | ၆၄၁၂၉၄၄ | ၆၂၂၈၉၇၉ | ၁၅၇၉၃၀ |
| ၃။ | မလေးရှား | ၄၈၂၀၁၉၇ | ၄၇၅၈၇၉၇ | ၃၆၃၁၇ |
| ၄။ | ထိုင်း | ၄၆၇၄၄၀၃ | ၄၆၃၃၅၅၉ | ၃၂၆၅၈ |
| ၅။ | ဖိလစ်ပိုင် | ၃၉၂၅၃၂၆ | ၃၈၃၅၄၄၉ | ၆၂၆၂၀ |
| ၆။ | စင်ကာပူ | ၁၈၇၆၅၈၄ | ၁၇၉၉၈၈၂ | ၁၆၀၈ |
| ၇။ | မြန်မာ | ၆၁၉၅၆၆ | ၅၉၅၈၄၈ | ၁၉၄၅၀ |
| ၈။ | ဘရူနိုင်း | ၂၂၄၆၁၀ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၅၀၅ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၇၇၈ | ၁၃၄၆၆၇ | ၃၀၅၆ |

## ရင်းငြိမ်ချောင်းသဘာဝရေပြင်အတွင်း ငါးသားပေါက်ကောင်ရေတစ်သိန်းခွဲ မျိုးစိုက်ထည့်

သထုံ စက်တင်ဘာ ၂၀

မွန်ပြည်နယ်၌ ငါးသယံဇာတများ တိုးပွားပြီး ဒေသတွင်း ငါးစားသုံးမှုဖူလုံရေးအတွက် ယနေ့နံနက်ပိုင်းတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ပေါင်မြို့နယ် ရင်းငြိမ်ကျေးရွာရှိ ရင်းငြိမ်ချောင်းသဘာဝရေပြင်အတွင်းသို့ ငါးသားပေါက်ကောင်ရေစုစုပေါင်း တစ်သိန်းခွဲကို မျိုးစိုက်ထည့်ပေးခဲ့ကြသည်။

ငါးမျိုးစိုက်ထည့်ရာတွင် သထုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်း၊ ပေါင်မြို့နယ် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသံမရောင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလုပ်ငန်းစခန်း (သထုံ)တို့မှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ရေလုပ်သားများက ပြည်နယ်ငါးသားဖောက်စခန်း (သထုံ)မှထုတ်လုပ်သည့် နှစ်လက်မနှင့်အထက် အရွယ်အစားရှိ ငါးမြစ်ချင်းကောင်ရေ ၇၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ နှင့် ရွှေဝါငါးကြင်းကောင်ရေ ၃၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ကို ရင်းငြိမ်ချောင်းသဘာဝရေပြင်အတွင်းသို့ စုပေါင်း မျိုးစိုက်ထည့်ပေးခဲ့ကြသည်။

ယခုနှစ်တွင် မွန်ပြည်နယ်ရှိ ဆည်မြောင်းတာတမံများ၊ လယ်ကြားမြောင်းများ၊ စပါးစိုက်ခင်းများ စသည့်သဘာဝရေပြင်များသို့ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်းငါးမျိုးများ ငါးသားပေါက်ကောင်ရေ ၁၅ သိန်းကျော်ကို အခမဲ့မျိုးစိုက်ထည့်ပေးနိုင်ရန် လျာထားပြီး လက်ရှိအချိန်အထိ ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၁၀ သိန်းနီးပါးခန့်အား မျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်ကြောင်း ပြည်နယ်ငါးလုပ်ငန်းစခန်းမှ သိရသည်။

ခရိုင်(ပြန်/ဆက်)




(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် အမြန်လမ်းမကြီးရဲတပ်ဖွဲ့(မိတ္ထီလာမြို့နယ်) သီးကုန်းအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ဒုရဲမှူးသီဟဂျမ်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ၂၂

# ကမ္ဘောဒီးယားက ယခုနှစ်ပထမရှစ်လအတွင်း ရော်ဘာနှင့် ဆန်တင်ပို့မှုမှ ကန်ဒေါ်လာ ၅၄၄ သန်းကျော် ဝင်ငွေရရှိ

**ဖနောင်ပင် စက်တင်ဘာ ၂၀**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမရှစ်လအတွင်း ရော်ဘာနှင့် ဆန်တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ စုစုပေါင်း ၅၄၄ ဒသမ ၁ သန်း ဝင်ငွေရရှိခဲ့ကြောင်း စက်တင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်သည့် တရားဝင်သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အရှေ့တောင်အာရှနိုင်ငံ တစ်ခုဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ရော်ဘာ ၁၉၄၀၁၄ တန်တင်ပို့ခဲ့ကြောင်းနှင့် အဆိုပါပမာဏသည် ပြီးခဲ့သည့်နှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက တစ်ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ရော်ဘာအထွေထွေညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမရှစ်လအတွင်း ကုန်စည်များတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၃၀၁ ဒသမ ၃ သန်းဝင်ငွေရရှိခဲ့ကြောင်းနှင့် ယမန်နှစ်ကထက် ၆ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်ပထမရှစ်လအတွင်း နိုင်ငံနှင့်ဒေသပေါင်း ၅၆ ခုသို့ ဆန်တန်ချိန်စုစုပေါင်း ၃၈၉၀၀၀ တင်ပို့ခဲ့ကြောင်း ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ဆန်တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂၄၂ ဒသမ ၈ သန်း ဝင်ငွေရရှိခဲ့ကြောင်း ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်က ဆက်လက်ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**





အီရန်နိုင်ငံခြားရေးဝန်ကြီး ဟော့စိန် အမီယာ–အဗ္ဗဒိုလာဟီအန်

# လက်ဘနွန်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်စွမ်းပေးရန် အီရန်နိုင်ငံ အသင့်ရှိနေ

**တီဟီရန် စက်တင်ဘာ ၂၀**

အီရန်နိုင်ငံသည် လက်ဘနွန်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်စွမ်းပေးရန် အသင့်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဟော့စိန် အမီယာ–အဗ္ဗဒိုလာဟီအန်က ပြောကြားခဲ့သည်ကို အိုင်အာရ်အင်န်အေသတင်းအေဂျင်စီက စက်တင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ယင်းသို့ လက်ဘနွန်နိုင်ငံအား စွမ်းအင်ထောက်ပံ့ပေးမည့်ကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပသည့် (၇၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံပြင်ပတွင် လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီး ဘူဟာဘစ်နှင့် တွေ့ဆုံဆွေးနွေးစဉ် အီရန်နိုင်ငံခြားရေးဝန်ကြီးက မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးစဉ်အတွင်း နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် အရေးပါသောဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံက လက်ဘနွန်နိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာရပ်များ ကျော်လွှားနိုင်ရန် လက်ဘနွန်နိုင်ငံအား ရေနံနှင့်အခြားသောအထောက်အပံ့များ ထောက်ပံ့ပေးရန်အသင့်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# မက္ကဆီကိုနိုင်ငံ၌ ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၀**

မက္ကဆီကိုနိုင်ငံ၌ စက်တင်ဘာ ၁၉ ရက်တွင် ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ခြင်းကြောင့် အဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်းနှင့် အဆိုပါမြေငလျင်သည် ၁၉၈၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် အကြီးစားငလျင်နှစ်ကြိမ်ဖြစ်ပွားခဲ့သည့် နှစ်ပတ်လည်နေ့တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းမြေငလျင်လှုပ်ခတ်မှုကြောင့် ကိုလီမာပြည်နယ် အနောက်ပိုင်း အပန်းဖြေကမ်းခြေတစ်ခုဖြစ်သည့် မန်ဇာနီလိုဒေသတွင် ဈေးဝယ်စင်တာတစ်ခုပြိုကျပြီးနောက် လူတစ်ဦးသေဆုံးခဲ့ကြောင်း မက္ကဆီကိုနိုင်ငံ သမ္မတအန်ဒရီးယက်စ်မန်နျူရယ် လိုပက်ဇ် အိုဘရာဒိုက ပြောကြားသည်။

အဆိုပါမြေငလျင်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁ နာရီ ၅ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မက္ကဆီကိုသမ္မတကလည်း မြေငလျင်လှုပ်ခတ်မှုဒဏ်အများဆုံးခံခဲ့ရသည့် ပြည်နယ်အုပ်ချုပ်ရေးမှူးများနှင့် ချက်ချင်းဆက်သွယ်ခဲ့ကြောင်း သိရသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် မက္ကဆီကိုစီးတီးအပါအဝင် အိမ်နီးချင်းပြည်နယ်များဖြစ်သည့် မီချိုအာကန်၊ ကိုလီမာနှင့် ဂျာလစ္စကိုတို့မှ ပြည်သူ ၁ ဒသမ ၂ သန်းတို့သည် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၇၉၁၇ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် စက်တင်ဘာ ၂၀**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၄၇၉၁၇ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၄၄၆၁၇၃၇ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၃၂၃ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉



ရောဂါကြောင့် သေဆုံးသူ ၂၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၇၈၉၁ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း၏ သုည ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# ပါကစ္စတန်နိုင်ငံ၌ တစ်ရက်အတွင်း ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ၁၅ ဦး သေဆုံး



**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၀**

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း မုတ်သုံမိုးရွာသွန်းမှုမှတစ်ဆင့် ဖြစ်ပေါ်သည့်ရုတ်တရက် ရေကြီးမှုကြောင့် အနည်းဆုံး ၁၅ ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသား သဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်အရ အဆိုပါသေဆုံးသူများမှာ ဆင်းပြည်နယ်တောင်ပိုင်းမှ ဖြစ်ကြောင်းနှင့် ကလေးငယ် တစ်ဦးနှင့် အမျိုးသမီးသုံးဦးလည်း ပါဝင်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၏ ဒေသအနှံ့အပြား၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ရေကြီးရေလျှံမှုကြောင့် လူနေအိမ် ၂၁၁၂၃ အိမ်ပျက်စီးခဲ့ကြောင်းနှင့် တိရစ္ဆာန်ကောင်ရေ ၁၃၈၁၃ ကောင်သေဆုံးခဲ့ကြောင်း သိရသည်။ ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်ပိုင်းမှစတင်ကာ ဖြစ်ပွားခဲ့သည့် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် သေဆုံးသူပေါင်း ၁၅၅၉ ဦးရှိလာကြောင်းနှင့် ဒဏ်ရာရရှိသူပေါင်း ၁၂၈၅၀ ခန့်ရှိကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတစ်ဝန်း ဇွန်လလယ်ပိုင်းမှ စတင်ကာ လက်ရှိကာလအထိ ရေကြီးရေလျှံမှုများကြောင့် လူနေအိမ်စုစုပေါင်း ၁၉၇၉၄၈၅ လုံးပျက်စီးခဲ့ပြီး တိရစ္ဆာန်ကောင်ရေ ၉၇၃၆၃၂ ကောင်သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

## ကျန်ရစ်သူမိသားစုဝင်များသိရှိစေရန် ကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က အမျိုးသားစာပေတစ်သက်တာဆုရှင်များ၏ စာပေလက်ရာများအနက် လက်ရှိခေတ်အခြေအနေကို ထင်ဟပ်ပြီး မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားဖြစ်ထွန်းစေမည့် စာအုပ်စာစောင်များကို ပြန်လည်ထုတ်ဝေရန် ဆောင်ရွက်လျက်ရှိရာ ဆရာမကြီးစောမုံညင်း၏ "မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု" စာအုပ်ကို ပြန်လည်ထုတ်ဝေရန် စီစဉ်ထားပါသည်။ သို့ဖြစ်ပါ၍ ဆရာမကြီး၏ မူပိုင်ခွင့် ဆက်ခံရရှိသူများအနေဖြင့် ကန့်ကွက်ရန်ရှိပါက စာပေဗိမာန်သို့ လူကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ဖုန်း ၀၁-၈၂၄၀၀၄၈ သို့ဖြစ်စေ ကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စာပေဗိမာန်**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များ ရုပ်သိမ်းကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသူများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (က)ပါ တိုင်းရင်းသား လူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့် အကြောင်းအရာများကို ပုံနှိပ်ဆောင်ရွက်ခဲ့သည့် ဦးစိုးသိန်း(သံလွင်ပုံနှိပ်တိုက်)၏ ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်နှင့် ရေးသားထုတ်ဝေဖော်ပြခဲ့သည့် ဦးလှသိန်း(ဉာဏ်ပညာအလင်းစာပေ)၏ ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်တို့ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၉ ရက်မှစတင်၍ ရုပ်သိမ်းလိုက်သည်။ ယင်းပုံနှိပ်ခြင်းလုပ်ငန်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းတို့သည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ မည်သည့်ထုတ်ဝေစာကိုမျှ ပုံနှိပ်ဆောင်ရွက်ခြင်းနှင့် ရေးသားထုတ်ဝေဆောင်ရွက်ခြင်းမပြုရန် ကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လေ့လာရေးအဖွဲ့များကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် မှတ်တမ်းဗီဒီယိုရိုက်ကူး တည်းဖြတ်ခြင်းနှင့် သတင်း ရေးသားခြင်းဆိုင်ရာ အမှတ်စဉ်(၁)မှ သင်တန်းသားသင်တန်းသူများနှင့် နေပြည်တော်ရှိ အစိုးရနည်းပညာကောလိပ် AGTI သင်တန်းတွင် တက်ရောက်ပညာသင်ကြားလျက်ရှိကြသည့် လျှပ်စစ်ဆက်သွယ်ရေး အင်ဂျင်နီယာနှင့် သုတနည်းပညာ အင်ဂျင်နီယာ ကျောင်းသားကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာအသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။




အဆိုပါ သင်တန်းများမှ သင်တန်းသားသင်တန်းသူများနှင့် ကျောင်းသားကျောင်းသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့ကြသည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေးယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် ပြခန်း ၄၀ တွင် ခင်းကျင်းပြသထားမှုများအပြင် ပင်မအဆောက်အအုံအတွင်း ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည့် မေးမြန်းမှုများကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂၀**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "မော်လမြိုင်မြို့မှ လူနာပို့ဆောင်ပြီး ရေးမြို့သို့ ပြန်လာသည့် လူမှုကူညီရေးယာဉ်တစ်စီးအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့"ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "အမှားကိုမြင် အမှန်ကိုသိပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ သို့မဟုတ် အမြင်မှန်ရလာကြသောလူငယ်များ" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကိုလျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



(၇၈)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ဖြူးအမြန်လမ်းရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးလှိုင်ဇော်ဦးနှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဖြူးမြို့နယ် ၁၁၅ မိုင်အနီးရှိ ရတနာမာန်အောင်တောရ ပရဟိတ ဘုန်းတော်ကြီးသင်ကျောင်းတိုက်ဝင်းအတွင်း/အပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

**ကိုလွင်(ဆွာ)**



(၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျီခါးနယ်မြေရဲစခန်းမှူး ရဲအုပ်ဆီဇာသန်းနိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များက ချင်းပြည်နယ် ကျီခါးမြို့ အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် စက်တင်ဘာ ၁၉ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

**မြို့နယ်(ပြန်/ဆက်)**

## (၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**လှည်းကူး စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်ရှိ ရဲတပ်ဖွဲ့ဝင်များက (၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၉ နာရီတွင် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းရာတွင် လှည်းကူးခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ငွေးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးယာယီ ရဲမှူးအောင်မင်းနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာသိင်္ဂီမြင့်တို့က လှည့်လည်ကြည့်ရှုအားပေးကြပြီး သွေးလှူရှင်များအတွက် အာဟာရဖြစ်စေသော အစားအစာများ၊ ဆေးဝါးနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း




**တာချီလိတ် စက်တင်ဘာ ၂၀**

(၇၈ )နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ပြည်သူ့ဆေးရုံတွင် ယနေ့နံနက် ၁၀ နာရီက စုပေါင်းသွေးလှူဒါန်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်လင်းအောင်ဦးဆောင်သည့် ခရိုင်/မြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များ၊ ရဲမေများနှင့် မိသားစုဝင်များက ပြည်သူ့ဆေးရုံ သွေးလှူဘဏ်၌ ဇီဝိတဒါနသွေးလှူဒါန်းခြင်းနှင့် ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

**ယာဆေး(ပြန်/ဆက်)**





## အလုံမြို့နယ်၌ သံဃာတော်များအား ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးထိုးနှံ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိကွင်းကျောင်းစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူသော သံဃာတော်အရှင်သူမြတ်တို့အား စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီခွဲတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခဲ့သည်။

အဆိုပါကာကွယ်ဆေးထိုးခြင်းကို အလုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီနှင့် လူမှုကူညီရေးအဖွဲ့များကဆောင်ရွက်ပေးကြပြီး အလုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ထွန်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ဆေးထိုးရာသို့ အလုံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင် လာရောက်ကြည့်ရှုအားပေးသည်။ မွန်းလွဲပိုင်းတွင် အောင်မင်္ဂလာပါဠိတက္ကသိုလ်ကျောင်းတိုက်မှ သံဃာတော်များအား ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးကြောင်း သိရသည်။ **မောင်မောင်ကျော်**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် စက်တင်ဘာ ၂၀



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၄၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၅၆၆၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၌ ဒေသခံပြည်သူ ၃၆၂၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ဒေသခံပြည်သူ ၄၀၁၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသားကျောင်းသူ ၁၆၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၈၇၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၂၄၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေ လှူဒါန်းလျက်ရှိရာယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဖလမ်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ဖလမ်း စက်တင်ဘာ ၂၀

ချင်းပြည်နယ် ဖလမ်းမြို့၌ စက်တင်ဘာလမှစ၍ ကိုဗစ်-၁၉ ရောဂါ ပြန်လည်ကူးစက် ပျံ့နှံ့လာမှုကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ လိုက်နာဆောင်ရွက်သွားရန် အသိပညာပေးခြင်းကို စက်တင်ဘာ ၂၀ ရက်က မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ဆွေးနွေးအသိပညာပေး**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ခေါင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများသည် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိကာ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ပါးစပ်၊ နှာခေါင်းစည်း ၇၀၀ ဖြန့်ဝေပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ အပူချိန်တိုင်းကိရိယာဖြင့် အဖျား ရှိ၊ မရှိ စမ်းသပ်ပေးခြင်းနှင့် ကျောင်းတက်၊ ဆင်းပြုလုပ်ရာတွင်လည်းကောင်း၊ မိမိတို့နေအိမ်တွင် နေထိုင်ရာတွင်လည်းကောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ဆောင်ရွက်သွားကြရန် ဆွေးနွေးအသိပညာပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများသည် ဗလိုင်ရပ်ကွက် လမ်းဆုံထီးရိပ်နှင့် စည်ပင်သာယာရေး ဈေးနေရာများတွင် အသက် ငါးနှစ်အထက် ကျောင်းနေကလေးများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေး၊ အသက် ၁၈ နှစ်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးကာလခြောက်လပြည့်ပြီးသူများ မပျက်မကွက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံရန် အသံချဲ့စက်ဖြင့် ဆော်ဩအသိပေးခြင်း၊ လမ်းသွားလမ်းလာ ပြည်သူများအား ပါးစပ်၊ နှာခေါင်းစည်းအခု ၅၀၀ ဖြန့်ဝေပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ဈေးရောင်းဈေးဝယ်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ အများပြည်သူသုံး လက်ဆေးဘေစင်နှင့် ဆပ်ပြာထားရှိမည့် နေရာနှင့် သောက်သုံးရေအဆင်ပြေမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ကိုရှိန်း(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပြည်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် နိုင်စေရန် ရည်ရွယ်၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီက နံ့သာကုန်းရပ်ကွက်ရှိ လမ်းသစ်လမ်း၌ ပြုလုပ်သည်။

**ဆောင်ရွက်**

ထို့သို့ ဖြန့်ဝေပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအဖွဲ့များနှင့် တာဝန်ရှိသူများက နံ့သာကုန်းရပ်ကွက် လမ်းသစ်လမ်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် နေအိမ်မှပြင်ပသို့ ထွက်ခွာတိုင်း ပါးစပ်/နှာခေါင်းစည်းများကို စနစ်တကျတပ်ဆင်သွားလာရေး အသိပညာပေးခြင်း၊ ပါးစပ်/နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိသူများကို ပါးစပ်/နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးသိကောင်းစရာများကို အသံချဲ့စက်ဖြင့် နှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အင်းစိန်မြို့နယ်အတွင်းရှိ ကျန်ရှိနေသော ရပ်ကွက်များနှင့် ဈေးများကိုလည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ကွင်းဆင်းထိုးနှံပေးခြင်း၊ နှာခေါင်းစည်းများကို စနစ်တကျ တပ်ဆင်သွားလာရေး အသိပညာပေးခြင်းတို့ကို တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**





ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် အသံချဲ့စက်ဖြင့် လှည့်လည်အသိပညာပေးခြင်း၊ သီပေါမြို့တံစင့်ကျေးရွာလမ်းဆုံနှင့် ဇာတ်စုရပ်ကွက်ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းအနီး လမ်းဆုံ၌ သွားလာလျက်ရှိသည့် အများပြည်သူများအား နှာခေါင်းစည်းအခမဲ့ဝေငှပေးခြင်းတို့ကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြစဉ်။ ၂၁၀

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၉၀ | ၂၃၃၅ | ၂၃၃၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၅၅ | ၂၃၄၅ | ၂၃၂၀ | ၂၄၁၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၅ | ၂၅၉၅ | ၃၀၅၅ |
| 95 Ron | ၂၃၇၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၁၅ | ၂၄၄၀ | ၂၄၂၅ | ၂၄၀၅ | ၂၅၀၀ | ၂၅၁၅ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၅၅ | ၂၄၅၅ | ၂၆၇၅ | ၃၁၂၀ |
| HSD (500 ppm) | ၂၇၄၅ | ၂၇၉၅ | ၂၇၉၀ | ၂၇၅၅ | ၂၇၉၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၈၀ | ၂၈၉၀ | ၂၈၈၅ | ၂၇၈၅ | ၂၇၉၅ | ၂၈၃၀ | ၂၈၃၀ | ၂၈၃၀ | ၃၀၅၀ | ၃၇၇၅ |
| HSD (50 ppm) | ၂၈၃၀ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၀ | ၂၈၇၅ | ၂၉၀၀ | ၂၈၉၅ | ၂၈၆၅ | ၂၉၇၅ | ၂၉၇၀ | ၂၈၇၀ | ၂၈၈၀ | ၂၉၁၅ | ၂၉၁၅ | ၂၉၁၅ | ၃၁၃၅ | ၃၈၁၀ |
| HSD (10 ppm) | ၂၈၃၀ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၀ | ၂၈၇၅ | ၂၉၀၀ | ၂၈၉၅ | ၂၈၆၅ | ၂၉၇၅ | ၂၉၇၀ | ၂၈၇၀ | ၂၈၈၀ | ၂၉၁၅ | ၂၉၁၅ | ၂၉၁၅ | ၃၁၃၅ | ၃၈၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၈၃ | ၂၂၆၀ |
| 95 Ron | ၂၂၆၃ | ၂၃၄၂ |
| HSD (500 ppm) | ၂၆၂၈ | ၂၇၁၀ |
| HSD (50 ppm) | ၂၇၀၉ | ၂၇၉၂ |
| HSD (10 ppm) | ၂၇၀၉ | ၂၇၉၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## ပုသိမ်မြို့၌ အများပြည်သူများသို့ ငါး၊ ပုစွန်များ လူဦးရေ ၁၀၀၀ အား အခမဲ့ဝေငှ

ပုသိမ် စက်တင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှု၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနတို့၏ အနီးကပ်ညွှန်ကြားမှုတို့ဖြင့် ပုသိမ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပုသိမ်မြို့ ကွန်းအထ္ထာဝါရေလုပ်ငန်းကုမ္ပဏီမှ ပြည်သူများသို့ ငါး/ပုစွန် ပိဿာချိန် ၅၀၀ ကို လူဦးရေ ၁၀၀၀ အား တစ်ဦးလျှင် ၅၀ ကျပ်သားနှုန်းဖြင့် အခမဲ့ဝေငှခြင်းအား စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါ ငါး/ပုစွန်ပေးဝေခြင်းအား ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ ပုသိမ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ပုသိမ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝင်းဝင်းသန်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဦးအုန်းမောင်၊ ကွန်းအထ္ထာဝါရေလုပ်ငန်းကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်ကြီးကြပ်ပြီး ပြည်သူများစားဝတ်နေရေး အဆင်ပြေအောင် ငါး/ပုစွန်များ အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**○ မြန်မာ့လက်ရွေးစင်မှ**

ဒုတိယပွဲကိုမူ ပရိသတ်များ ကြည့်ရှုခွင့်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းမှစ၍ ပဏာမကစားသမား ၂၅ ဦးဖြင့် စတင်ပြင်ဆင်ခဲ့ပြီး ကစားသမား ၂၁ ဦး ရွေးချယ်သွားခြင်းဖြစ်သည်။ ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုး-ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးသူ၊ ထွန်းနန္ဒဦး၊ နောက်တန်း- ဒေးဗစ်ထန်၊ ဇော်ရဲထွန်း၊ ကျော်ဇင်လွင်၊ ဟိန်းဇေယျာလင်း၊ ရဲလင်းထက်၊ အောင်ဝဏ္ဏစိုး၊ ရဲမင်းသူ၊ ဝေယံဦး၊ သီဟထက်အောင်၊ အလယ်တန်း-ကျော်မင်းဦး၊ အောင်နိုင်ဝင်း၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ လင်းထက်စိုး၊ ရှေ့တန်း-ဝင်းနိုင်ထွန်း၊ နိုင်ဇင်ထက်၊ ရာဇာအောင်နှင့် ရန်ကျော်ထွေးတို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး နည်းပြချုပ် အန်တွမ်နီဟေးအနေဖြင့် ကစားသမား ၂၁ ဦး ခေါ်ဆောင်သွားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် ဟောင်ကောင်လက်ရွေးစင်အသင်းသည် ယခုနှစ်တွင် ဒုတိယအကြိမ်ကစားခြင်းဖြစ်ပြီး မေလတွင် ထိုင်းနိုင်ငံ၌ Training Match ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျခဲ့သည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - MFF

## သာပေါင်းမြို့နယ်၌ အသက် ၅ နှစ်မှ ၉ နှစ်အတွင်း ကျောင်းသား ကျောင်းသူ ၈၃၆၀ အား ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံပေး

သာပေါင်း စက်တင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် အခြေခံပညာကျောင်းများတွင် အသက် ၅ နှစ်မှ ၉ နှစ်အတွင်း ကျောင်းသား ကျောင်းသူ ၈၃၆၀ အား ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို စက်တင်ဘာ ၁၄ ရက်မှစတင်၍ ထိုးနှံပေးလျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီက ကျောင်းဆေးထိုးသတ်မှတ်နေရာများ၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

အခြေခံပညာကျောင်း သတ်မှတ်ဆေးထိုးနေရာတို့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဆရာမကြီး ဒေါ်တင်တင်ဝင်းနှင့် ကာကွယ်ဆေးထိုး ဆရာ ဆရာမများက ဂျပန်ဦးနှောက်ရောင်ရောဂါအကြောင်း အသိပညာပေး ရှင်းလင်းပြောကြားကြသည်။

ယနေ့တွင် ကျောင်းသား ကျောင်းသူ ၇၅၂ ဦး၊ စက်တင်ဘာ ၁၄ ရက်တွင် ကျောင်းသား ကျောင်းသူ ၆၅၀၊ စက်တင် ဘာ ၁၅ ရက်တွင် ကျောင်းသား ကျောင်းသူ ၃၇၂၇ ဦး၊ စက်တင်ဘာ ၁၆ ရက်တွင် ကျောင်းသား ကျောင်းသူ ၁၀၆၉ ဦး၊ စက်တင်ဘာ ၁၉ ရက်တွင် ကျောင်းသား ကျောင်းသူ ၂၁၆၂ ဦး စုစုပေါင်း ၈၃၆၀ ထိုးနှံပေးနိုင်ခဲ့ပြီး ဆက်လက်၍ ကျန်ရှိဆေးထိုးနှံဦးရေပြည့်မီအောင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မျိုးဇော်သိန်း(ပြန်/ဆက်)



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

'မ' နော် .... ဒါပဲ၊ မော်ပြောတဲ့အထဲမှာ ဂျော်နီ့ကိုကြိုက်တယ်ဆိုတာ မပါသေးဘူး"

"ဘာထူးလဲ၊ မင်း ဂျော်နီ့ကို ရုပ်ဆိုးတယ်လို့ထင်ရာကနေ ချောတယ်ထင်လာတာဟာ ချစ်လာလို့ပေါ့။ ပဒုမဇာတ်ကို မင်းကြားဖူးမှာပေါ့။ ပဒုမမင်းသားက သစ်သီးရှာသွားတော့ ပေါင်တိုနဲ့ အဝင်္ကဒေဝီမိဖုရားကြီးကျန်ခဲ့တယ်။ ဒီမိဖုရားကြီးဟာ အစကတော့ ပေါင်တိုကို ရွံလှချည်ရဲ့ဆိုပြီး အနားတောင်မကပ်ဘူး။ နောက်တော့ ရေကိုတိုက်ပေးရင်းကနေ ပေါင်တိုကို ချစ်စရာကြီးပါလားလို့ ဖြစ်လာတာဟာ ဘာသဘောလဲ။ ခြေတွေ လက်တွေမရှိတဲ့ လူတစ်ယောက်အဖြစ်ကိုတောင် မေ့ပြီး ခုလို ကျေးဇူးရှင်ကို ဖောက်ပြန်တာဟာ ဘာသဘောလဲ။ ကိုယ့်စိတ်ကို လှည့်စားတာပဲ"

"'မ' နော်...တော်တော့၊ 'မ' ကို မော်မေးနေတာမဟုတ်ဘူး။ မွန့်ကိုမေးတာ"

မွန်က မော့်ဆံပင်ဖျားကလေးများကို သပ်၍ ချော့လိုက်သည်။ ပြီးမှ 'မ' ဘက်သို့ ကြည့်၍ပြောလိုက်သည်။

"မဟုတ်ဘူး 'မ'၊ အဝင်္ကဒေဝီနဲ့ ပေါင်တိုဖောက်ပြန်တာဟာ အချစ်ကြောင့်မဟုတ်ဘူး။ သွေးသားကြောင့်ပဲ။ ဖိုဓာတ်၊ မဓာတ် ထိတွေ့တဲ့သဘောအရ ဖောက်ပြန်တာ ဖြစ်ချင်ဖြစ်မယ်။ သွေးသားဆန္ဒသက်သက်ကြောင့် ဖြစ်ချင်ဖြစ်မယ်။ ဒါဟာ အချစ်လို့မခေါ်နိုင်ဘူး"

မော်သည် မွန်၏စကားများကို စိတ်ဝင်တစား နားထောင်နေမိသည်။

မွန်ပြောသောစကားများတွင် သူသိလိုသောအချက်များ ပါနေသည်ကိုလည်း သတိထားလိုက်မိသည်။

"ယောကျ်ားနဲ့မိန်းမ ထိတိုင်းသာ ဖောက်ပြန်မယ်ဆိုတာတော့ မော်မယုံဘူး။ ဒီလိုသာဆိုရင် မော်တို့ယောကျ်ားတွေနဲ့ တွဲကနေကြတာ၊ ကတဲ့ယောကျ်ားတိုင်း ဖောက်ပြန်ကုန်ရောပေါ့"

ဒီလိုတော့ ဘယ်ဟုတ်မလဲ မော်ရဲ့၊ ကတာလည်း ကရင်းနဲ့ ဖောက်ပြန်ချင်လည်း ဖောက်ပြန်မယ်။ ကတယ်ဆိုတဲ့အာရုံထဲမှာ ဝင်စားပြီး တကယ်ကနေရင်တော့လည်း ဖောက်ပြန်ချင်မှ ဖောက်ပြန်မယ်။ ဒါပေမဲ့ အဲဒီယောကျ်ားတွေနဲ့ တစ်နေရာမှာ နှစ်ယောက်ချင်းတွေ့ပြီး လက်ကလေးကို ကိုင်ကြည့်လိုက်စမ်း။ မင်းစိတ်ဟာ အလိုလိုလှုပ်ရှားလာမယ်။ ဖိုဓာတ်၊ မဓာတ် သဘာဝဟူသမျှဟာ ဆန့်ကျင်ဘက်ချည်းပဲ။ ဒါနှစ်ခု သွားပြီးထိတွေ့ရင် လှုပ်ရှားမှုတစ်ခုတော့ဖြစ်လာတာပဲ"

မော်သည် မွန်၏စကားကို တအံ့တသြ နားထောင်မိသည်။ မွန်ပြောသောစကားများသည် မော်ကြုံခဲ့ရသောအဖြစ်နှင့် လုံးလုံးတိုက်ဆိုင်၍နေတော့သည်။

'မွန်က သိပ်တော်တာပဲ။ မွန်ပြောတာတွေဟာ သိပ်မှန်တာပဲ။ မော်လေ ကနေ့ စိတ်တွေလှုပ်ရှားနေတယ်။ ငိုချင်သလို ရယ်ချင်သလိုပဲ"

မော်သည် ပြောရင်းဆိုရင်းပင် မွန့်ကို ဖက်၍ ရှိုက်နေတော့သည်။

မွန်က မော့်မျက်နှာကလေးကို အတင်းဆွဲမော့လိုက်သည်။

"မော် ... မွန့်ကိုမှန်မှန်ပြောစမ်း၊ မင်းကနေ့ည ဘာဖြစ်လာသလဲ။ မွန့်ကို မရှက်ပါနဲ့ ညီမရယ်။ အမှန်အတိုင်း ပြောစမ်းပါ၊ မင်း ဂျော်နီနဲ့ ဘာဖြစ်လာလဲ"

မွန်က မေးလိုက်မှ မော်သည် ပို၍ ဝမ်းနည်းလာဟန်ရှိသည်။ မွန့်ရင်ခွင်တွင် ခေါင်းကိုမြှုပ်ကာ အားပါးတရ ငိုချလိုက်သည်။ 'မ' သည် အိပ်နေရာမှ ထ၍ ထိုင်လိုက်သည်။ မော့်အဖြစ်ကို နားမလည်နိုင်သလို စိုးရိမ်တကြီး ကြည့်လိုက်မိသည်။

"ဒါ ငိုစရာမဟုတ်ဘူး၊ မင်းဖြစ်လာတာကိုပြောစမ်းပါ မော်"

'မ' သည် မျက်နှာထားဖြင့် ငေါက်လိုက်သည်။ မွန်က မော့်ခေါင်းကလေးကို မော့၍ ချော့လိုက်သည်။

"ပြောပါကွယ်၊ ညီမကို မွန်တို့ အပြစ်မတင်ပါဘူး။ ဂျော်နီက မော့်ကို ဘာလုပ်သလဲ"

"ဂျော်နီက မော့်ကို အပြင်မှာစကားပြောရအောင်ဆိုပြီး ခေါ်သွားတယ်။ အပြင်ရောက်တော့ မော့်ကို ချစ်တယ်ဆိုပြီး အတင်းဖက်တာပဲ ..."

မော့်စကားကြောင့် ညီအစ်မနှစ်ယောက်စလုံးပင် မျက်လုံးပြူးသွားလေသည်။

"ဟင်...ဒါဖြင့် မော်က ဘာလို့ မွန်တို့ကို အော်ပြီးမတိုင်တာလဲ။ မော့်ကိုစော်ကားရင် ပါးရိုက်ခဲ့ပါလား"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ မော် ဘာဖြစ်တာလဲမသိဘူး။ မော် သူ့လက်ထဲက ရုန်းလို့လည်းမရဘူး။ ရုန်းလည်း မရုန်းချင်ဘူး။ မော်လေ ဂျော်နီ့ရင်ခွင်ထဲမှာ အသာမှီချင်နေတယ်။ ဒါပေမဲ့ ကြောက်တယ်၊ ဘာလို့မှန်းမသိဘူး။ မော် ကြောက်တယ်၊ အခုတော့ မော် ဂျော်နီ့ကို သနားနေတယ်"

မွန်သည် သူ၏ နှုတ်ခမ်းကလေးကို အသာကိုက်ထားလိုက်သည်။ 'မ' ကမူ သူ့ရင်ဘတ်ကို လက်တစ်ဖက်ဖြင့် အသာဖိထားလိုက်သည်။

"အင်း... ကောင်းကြပေါ့ မော်ရေ၊ မင်းတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒုက္ခဖြစ်ချင်ပြီထင်တယ်။ ကဲ...ကဲ ... အိပ်တော့၊ ဒီည ဒီအကြောင်းမပြောနဲ့၊ နောက်မှ 'မ' တို့ အေးအေးဆေးဆေးပြောရအောင်။ ဒီညတော့ မေ့ပစ်လိုက်တော့၊ ကဲ ... လာ ... လာ ... အိပ်ရအောင်"

'မ' သည် မော့်ကိုတွဲ၍ သူ့အိပ်ရာပေါ်သို့ ကလေးငယ်ကို သိပ်သလို သိပ်လိုက်သည်။

ပြီးမှ စောင်ပါးတစ်ထည်ကို ခြုံပေးလိုက်သည်။ ခြင်ထောင်စများကိုလည်း မွေ့ရာအောက်တွင် ညှပ်ပေးလိုက်သည်။

မွန်သည် ဘာမျှပြန်မပြောတော့ချေ။ မော့်အတွက် ရင်လေးနေဟန်ရှိသည်။

'မ' ကိုယ်တိုင်လည်း မော့်အတွက် မကျေနပ်နိုင်အောင် ရှိတော့သည်။

မော့်အကြောင်းကို တွေးရင်းပင် ကိုဘခက်ပြောသောစကားများကို ပြေး၍ သတိရမိသည်။

"လူဆိုတာ ကိုယ့်ကိုယ်ကိုယ် အလှည့်စားမခံရရင် တော်တယ်လို့ ဆိုရမှာပဲ မွန်။ ညနေက ဆရာကိုဘခက်ပြောတဲ့ စကားလေးကို 'မ' သိပ်ပြီးကြိုက်တယ်။ လောကမှာ ကိုယ့်ကိုယ်ကိုယ် လိမ်တဲ့လူတွေဟာ အလကားပဲတဲ့မွန်။ ဟုတ်တာပဲ၊ မော်ဟာ အမှန်တော့ သူ့ကိုယ်သူ လှည့်စားခံနေရတာပဲ။ အမှန်တော့ ဂျော်နီက မော့်ကို လွှမ်းမိုးနေပြီ"

"မော့်ကိုတော့ပြောတယ်၊ 'မ' ကရော ဘယ်သူ့အလွှမ်းမိုးခံနေရသလဲ"

မော်သည် ရှိုက်နေရာမှ 'မ' ကို လှမ်း၍ ရန်တွေ့လိုက်သည်။

"အခု မော့်အကြောင်းပြောနေရင်း ဘာလို့ ဆရာကိုဘခက်က ပါလာသလဲ"

မော်၏အမေးကြောင့် 'မ' သည် သူ့ကိုယ်သူ မလုံသလိုဖြစ်မိလေသည်။

"ဆရာကိုဘခက် ပြောတဲ့စကားနဲ့ တိုက်ဆိုင်နေလို့ ပြောတာပေါ့ မော်၊ မင်း ငါ့ကို စကားအကျအနမ ကောက်နဲ့နော်"

'မ' သည် အသံကလေးများပင် တုန်၍ လာသည်။

"အကျအနကောက်တာမဟုတ်ဘူး၊ ဟုတ်တာကိုပြောနေတာ၊ ဘာလဲ ကိုယ့်ကိုယ်ကိုယ် လိမ်တဲ့လူတွေဆိုတာ မော်က ဘယ်တော့မှမလိမ်ဘူး။ ခုလည်း လိမ်နေတာမဟုတ်ဘူး။ မော်ဖြစ်ချင်တဲ့အတိုင်း အမှန်ကိုပြောနေတာ။ 'မ' သာ ကိုယ့်ကိုယ်ကိုယ် လိမ်နေတာ"

"ကိုယ်လိမ်တာတွေ့ရင် ပြောပေါ့ကွာ၊ 'မ' ဆိုတဲ့လိုတာက မင်းကို လိမ်တယ်ပြောတာ မဟုတ်ပါဘူး။ ဒါပေမဲ့ မင်းဟာ ငယ်သေးတယ်၊ လောကကြီးအကြောင်းကို မသိသေးဘူး။ မင်းကိုယ်မင်း ဘာဖြစ်တယ်ဆိုတာ မင်းကိုယ်တိုင် မသိဘူး။ ဒီတော့ မင်းဟာ လူတွေရဲ့ အလှည့်စားခံရတတ်တယ်။ ဒါကို 'မ' စိုးရိမ်လို့ ပြောတာ။ မင်းကို အပြစ်တင်နေတာ မဟုတ်ဘူး"

'မ' သည် သူ့စိတ်ကိုသူ အတတ်နိုင်ဆုံး ချုပ်တည်း၍ ပြောလိုက်သည်။

ညီအစ်မချင်း ရန်ဖြစ်ရသည့်အဖြစ်ကို မရောက်အောင် အတတ်နိုင်ဆုံး ထိန်းသိမ်းလိုက်သည်။

မော်ကမူ ဆတ်ဆတ်ထိမခံဘဲ ပြန်၍ ရန်တွေ့လိုက်သည်။

"မော် အလှည့်စားခံရတယ်ပဲထားပါ။ မော့်လိုသာ 'မ' မဖြစ်ပါစေနဲ့"

ခုတစ်ကြိမ်တွင်မူ 'မ' သည် ဘာမျှပြန်မပြောတော့ချေ။ ပြန်ပြောနေလျှင်လည်း စကားရှည်နေမည်။ ပြောလည်သည့်အဖြစ်ကိုကား ရောက်တော့မည် မဟုတ်ချေ။

မွန်ကမူ သူတို့ပြောနေတဲ့စကားများကိုနားထောင်ရင်း သူ့ထင်မြင်ချက်ပေးလိုက်သည်။

"ဟုတ်တယ် 'မ'၊ ဒီနေရာတော့ မွန်လည်း မော့်ဘက်က ထောက်ခံချင်တယ်။ လူတစ်ယောက်ကို အကြည်ညိုလွန်ရင် အဲဒီလူ့ရဲ့ အလွှမ်းမိုးခံရတတ်တယ်။ ဒါကိုတော့ 'မ' သတိထားရမယ်"

'မ' သည် မွန့်စကားကြောင့် ရှက်လည်းရှက် ဝမ်းလည်းနည်းမိသည်။ သူ့အဖြစ်ကိုပင် သူ ကြောက်သလိုရှိတော့သည်။

'မ' ရင်ထဲတွင် တဆတ်ဆတ်ခုန်လာသည်။

'မ' တို့အခန်းတစ်ခုလုံးသည် တိတ်ဆိတ်လျက်ရှိသည်။ ထိုအတွင်းဝယ် အောက်ထပ်ဆီမှ ကိုဘခက်၏ တယောသံသည် လွမ်းဆွတ်ကြေကွဲဖွယ်ရာ 'မ' တို့အခန်းတွင်းသို့ ပျံ့လွင့်လာသည်။

ကိုဘခက်သည် ထိုနေ့ညမှ ထူးထူးခြားခြား ဤသို့သောလွမ်းတေးကို အဘယ်ကြောင့် ဖွဲ့ဆိုလိုက်သည်ကိုကား 'မ' ကိုယ်တိုင် မစဉ်းစားရဲတော့ပေ။

[ ၆ ]

'မ' သည် ကိုဘခက်၏ စန္ဒရားသံကို နားထောင်ရင်း စိတ်ထဲတွင် လှုပ်ရှားနေမိသည်။ ကိုဘခက်တီးသော စန္ဒရားသံမှာ သီချင်းလည်းမဟုတ်၊ အစမ်းလည်း မဟုတ်။ နားထဲတွင် တစ်မျိုးဆန်းနေသည်။ ကိုဘခက်သည် သီချင်းတစ်ပုဒ်လောက်တီးလိုက်ပြီးလျှင် ရပ်သွားပြန်သည်။

နောက်တစ်ဖန် အသံစုံ စမ်းလိုက်ပြန်သည်။ စမ်းပုံမှာလည်း ခပ်ရိုးရိုး မဟုတ်။ အသံတစ်သံမှ တစ်သံသို့ ပြောင်း၍ ပြောင်း၍ စမ်းသွားပုံမှာ နားထဲတွင် ဆန်း၍နေသည်။ အသံပြောင်းတိုင်း ပြောင်းတိုင်းတွင် 'မ'နားထဲတွင် အရသာခံရသည်မှာ တစ်နေရာမှ တစ်နေရာသို့ ရောက်၍သွားသလို ခံစားရလေသည်။ သို့ခံစားနေရင်းမှ တစ်ဖန် သီချင်းသံလိုလို တီးသံလိုလို တီးသံကို ကြားရပြန်သည်။

'မ' သည် ကိုဘခက်၏စန္ဒရားသံကို နားထောင်ရင်း ဂီတတွင် နစ်မျောနေသည်။ အမှန်၌ ကနေ့ 'မ' တို့အိမ်တွင် လူရှင်းသောနေ့ဖြစ်သည်။ တနင်္ဂနွေနေ့ဖြစ်သည်ဟု ဆိုသော်လည်း မော်နှင့် မွန်တို့က ပျော်ပွဲစားလိုက်သွားသည်။ 'မ' မေမေက ပိဋကတ်ခေါင်း သွားသည်။ ဦးကျော်ဒင်က အပေါ်ထပ်တွင် စာဖတ်နေသည်။

ဆက်လက်ဖော်ပြပါမည်။

"'မ' သည် ကိုဘခက်၏ စန္ဒရားသံကိုနားထောင်ရင်း စိတ်ထဲတွင် လှုပ်ရှားနေမိသည်။ ကိုဘခက်တီးသော စန္ဒရားသံမှာ သီချင်းလည်းမဟုတ်၊ အစမ်းလည်းမဟုတ်။ နားထဲတွင် တစ်မျိုးဆန်းနေသည်။ ကိုဘခက်သည် သီချင်းတစ်ပုဒ်လောက် တီးလိုက်ပြီးလျှင် ရပ်သွားပြန်သည်။ နောက်တစ်ဖန် အသံစုံစမ်းလိုက်ပြန်သည်။ စမ်းပုံမှာလည်း ခပ်ရိုးရိုးမဟုတ်။ အသံတစ်သံမှ တစ်သံသို့ပြောင်း၍ ပြောင်း၍ စမ်းသွားပုံမှာ နားထဲတွင် ဆန်း၍နေသည်။ အသံပြောင်းတိုင်း ပြောင်းတိုင်းတွင် 'မ'နားထဲတွင် အရသာခံရသည်မှာ တစ်နေရာမှ တစ်နေရာသို့ ရောက်၍သွားသလို ခံစားရလေသည်။ သို့ခံစားနေရင်းမှ တစ်ဖန် သီချင်းသံလိုလို တီးသံလိုလို တီးသံကိုကြားရပြန်သည်။ 'မ' သည် ကိုဘခက်၏စန္ဒရားသံကို နားထောင်ရင်း . . ."

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း

# မြင်ပုံချင်း မတူသလို

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**

လူ့ဘောင်အသိုက်အဝန်းမှာ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်မှုဆိုတာ ရှိနေပါတယ်။

အမူအရာနဲ့လည်း ဆက်သွယ်နိုင်ကြသလို အပြောအဆို အသံစကားနဲ့လည်း ဆက်သွယ်နိုင်ကြပါတယ်။ ဆက်သွယ်မှုဆိုတာကတော့ အမြင်အားဖြင့်၊ အကြားအားဖြင့်၊ အတွေ့အထိအားဖြင့်ဆိုပြီး အမျိုးမျိုးရှိနေကြပါတယ်။

တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ကြတယ်ဆိုတာ တစ်ဦးကသိစေချင်သလို တစ်ဦးက သိသွားဖို့နားလည်သွားဖို့၊ တစ်ယောက်သိထားသလို တခြားတစ်ယောက်ကလည်း သိလာအောင်၊ သဘောပေါက်နားလည်လာအောင်ဆိုတဲ့ သဘောမျိုးပါ။

မျက်စိအမြင်အားဖြင့် မြင်တွေ့ပြီးမှ သဘောပေါက်နားလည်နိုင်သူအတွက် မျက်စိအမြင်နဲ့ ဆက်သွယ်ကြပါတယ်။

နားအသံကြားအားဖြင့်ကြားသိပြီးမှ သဘောပေါက်နားလည်နိုင်သူအဖို့ဆိုရင်လည်း နားအသံကြားနဲ့ ဆက်သွယ်ကြပါတယ်။

အနံ့နမ်းရှူသောအားဖြင့် နမ်းရှူပြီးမှ နားလည်သဘောပေါက်တတ်သူအဖို့အနံ့နမ်းရှူမှုနဲ့ ဆက်သွယ်ကြပါတယ်။

အစားအစာကို စားသောက်တဲ့အနေနဲ့ စားသောက်မိမှသာ သဘောပေါက်နားလည်နိုင်သူတွေ အတွက်ကို အစားအသောက်စားသောက်မှုနဲ့ ဆက်သွယ်ကြပါတယ်။

ဒီလိုပါပဲ၊ တချို့ကတော့ အတွေ့အထိကို ခံစားသိပြီးတော့မှလည်း နားလည်သဘောပေါက်တာတွေ့ရှိတတ်ကြပါတယ်။

တချို့ဆိုရင် မျက်စိအမြင်၊ နားအကြား၊ အနံ့နမ်းရှူ၊ အစားအစာစားသောက်၊ အတွေ့အထိခံစားသိတို့ကို ကျော်လွှားပြီးတော့ စိတ်နဲ့ဆက်သွယ်တတ်ကြတာတွေလည်း ရှိကြပါတယ်။ စိတ်အချင်းချင်း ဆက်သွယ်မှုသဘောနဲ့ သဘောပေါက်ကြတာတွေလည်း ရှိကြပါတယ်။

ဒီဆက်သွယ်မှုတွေဟာ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် သဘောပေါက်အောင်၊ နားလည်အောင် ဆက်သွယ်ကြရတဲ့သဘောပါ။

တစ်ဦးသိပြီးတဲ့အသိကို တစ်ဦးကသိဖို့၊ တစ်ယောက်နားလည်သဘောပေါက်ထားတာကို တစ်ယောက်က နားလည်သဘောပေါက်ကြဖို့ပါပဲ။

အဆင်းကိုမြင်၊ အသံကိုကြား၊ အနံ့ကိုရှူ၊ အစားကိုစား၊ အတွေ့ကိုသိ၊ သိစရာကို စိတ်ကသိရင်းနဲ့ သိတတ်နားလည်တတ် သဘောပေါက်တတ်တဲ့ သဘောတရားတွေပါ။

ဒါပေမဲ့ တစ်ဦးနဲ့တစ်ဦး မြင်ပုံချင်းမတူကြဘူး ဆိုတာမျိုးလည်း ရှိပါတယ်။ မြင်ပုံချင်း မတူသလို ကြားပုံချင်းလည်းမတူ၊ နံပုံချင်းလည်းမတူ၊ စားပုံချင်း၊ တွေ့ထိပုံချင်း၊ သဘောပေါက်ပုံချင်းလည်း မတူကြပါဘူး။

မြင်စရာကတော့ အဖြူတစ်ခုတည်းဆိုပါစို့၊ သူလည်း အဖြူကိုမြင်တာပဲ နားလည်ပုံကတစ်မျိုး၊ သင်လည်းအဖြူကို မြင်တာပါပဲ၊ သဘောပေါက်ပုံက တစ်မျိုး၊ ငါလည်းအဖြူကို မြင်တာပါပဲ၊ သေချာသိပုံကတစ်မျိုးပါ။

မြင်စရာ၊ မြင်ရတာကတော့အဖြူတစ်ခုတည်းပါပဲ၊ ဘာလို့ကွဲပြားကြတာလဲလို့ မေးစရာရှိပါတယ်။ သိပုံ၊ နားလည်ပုံ၊ သဘောပေါက်ပုံချင်း ဘာလို့ မတူတာလဲလို့ဆိုရင် သိနိုင်၊ နားလည်နိုင်၊ သဘောပေါက်နိုင်တဲ့ အသိဉာဏ်ပညာအားချင်းက မတူညီလို့ပါပဲ။

မြင်တာတူပေမယ့် အမြင်ချင်းမတူပါဘူး။

ကြားတာတူပေမယ့် အကြားချင်းမတူပါဘူး။

နံတာတူပေမယ့် အနံ့ချင်းမတူပါဘူး။

အရသာတူပေမယ့် စားပုံချင်း မတူပါဘူး။

အတွေ့ တူပေမယ့် တွေ့ထိပုံချင်း မတူပါဘူး။

သိစရာ၊ စဉ်းစားစရာအာရုံမျိုးတွေ တူတတ်ပေမယ့် သဘောပေါက်ပုံ၊ နားလည်ပုံချင်းကတော့ မတူတတ်ကြပါဘူး။

အသိတွေကွာလို့ ပညာတွေကွာလို့၊ ဉာဏ်အရည်အချင်းတွေကွာလို့ပါပဲ။

အဲဒီလိုကွာခြားချက်ရှိတဲ့အတွက် တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်မှုတွေ လွဲမှားတတ်သလို သဘောပေါက်နားလည်ပုံချင်းလည်း ကွာခြားတတ်ကြပါတယ်။

တစ်ဦးက သိစေချင်သလို တစ်ဦးက ဘယ်လိုမှ မသိနိုင်တော့ပါဘူး၊ မြင်အောင်ပြပေမယ့် ပြသလောက်မမြင်၊ ကြားအောင်ပြောပေမယ့် ပြောသလောက်မကြား ဆိုသလိုပါပဲ။ သဘောပေါက်သင့်သလို မပေါက်၊ နားလည်သင့်သလို နားမလည်တော့ဘဲ တလွဲတွေ ဖြစ်ကုန်တတ်ကြပါတယ်။ အမှန်တွေကိုပဲ အမှားသဘောသက်ရောက်ကုန်တတ်ပါတယ်။

"အရှင်ဘုရား၊ တပည့်တော်တရားအားထုတ်တာနဲ့ အခုဖြစ်နေပုံတွေနဲ့ကို လျှောက်ပြချင်လို့ပါဘုရား"

"အင်း"

"တရားဆိုတာက တကယ်အားထုတ်ရင်၊ အားထုတ်ခိုင်းတဲ့အတိုင်း အားထုတ်ရင်၊ ခိုင်းတဲ့အတိုင်းသိရင် ဒီအသိကပဲ လက်တွေ့မှာလည်း အသုံးချလို့ ရတယ်မဟုတ်လားဘုရား"



"အင်း... ရတာပေါ့"

"အဲဒါလျှောက်မလို့ပါဘုရား၊ တပည့်တော်က ဆရာခိုင်းတဲ့အတိုင်းလည်း အားထုတ်ပါတယ်၊ ရလည်း ရပါတယ်၊ ဒါပေမဲ့ လက်တွေ့မှာ အသုံးချလို့ မရပါဘူး ဘုရား"

"အင်း"

"ဟာ. . အရှင်ဘုရားကလည်း တအင်းအင်းနဲ့ နည်းနည်းပါးပါးလေးလောက်တော့ ပြန်ဖြေဦးမှ ပေါ့ဘုရား"

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပွဲ့မယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၉)

**ဦးမင်းဟန်(ဘီအေ)**

ဘိုးလေးကြွက်အိမ်ရှေ့ရှိ ကုက္ကိုပင်ကြီးအောက်တွင် မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ရောက်ရှိလာကြရာ ဘိုးလေးကြွက်က ကုက္ကိုပင်ကြီး နောက်ကွယ်မှ ရောက်ရှိနေရာယူလိုက်ပြီး စကားစလိုက်သည်။

"ကိုဦးရေ မောင်ထူးတစ်ယောက် ကျောင်းမှာရန်မစတော့ဘူးတဲ့။ လှောင်ပြောင်မှုလည်းနည်းသွားတယ်။ အများကြီးယဉ်ကျေးလာတယ်လို့ မြေးတို့ဆရာမက လမ်းမှာတွေ့တုန်းပြောလိုက်တယ်။ ကြားရတာ ကျက်သရေကို ရှိသွားတာပဲ၊ နားဝင်ကို ချိုသွားတာပဲ"

ဘိုးလေးကြွက်၏စကားကို ကြားလိုက်ရသည့်အတွက် မောင်ထူးသာမက ကိုဦးနှင့်ပူစူးမတို့ပါ ပျော်ရွှင်ကျေနပ်နေကြတော့သည်။

"မြေးလည်း ဘိုးလေးရဲ့ သွန်သင်ဆုံးမမှုတွေကြောင့် အိမ်ရော၊ ကျောင်းရော ရပ်ထဲရွာထဲမှာပါ အပြောအဆိုတွေကို သတိလေးကပ်ပြီး ပြောဆိုဆက်ဆံတတ်လာလို့ပါ။ အခုနောက်ပိုင်းတော့ တွေ့တဲ့သူတိုင်းကို အပြုံးနဲ့နှုတ်ဆက်ဖြစ်ပါတယ်"

"မောင်ထူးစကားကို မြေးတို့ထောက်ခံပါတယ်။ မြေးတို့လည်း အရင်ကထက်စာရင် ပြောဆိုဆက်ဆံတာတွေကို သတိထားပြီး လူကြီးကိုလူကြီးမှန်းသိသိ၊ ဆရာ ဆရာမဆိုရင် ဆရာ ဆရာမမှန်းသိသိ၊ သူ့အရွယ်နဲ့သူအတွက် ပြောဆိုဆက်ဆံတာတွေကို သတိလေးကပ်ပြီး ဆက်ဆံတာမို့ ပိုပြီးယဉ်ကျေးသိမ်မွေ့လာတာတော့အမှန်ပါပဲ။ ဘိုးလေးကိုလည်း မြေးတို့အားလုံးက ကျေးဇူးအထူးတင်ပါတယ်"

"မြေးတို့ကိုက အလိုက်တသိနဲ့ လိုက်နာကျင့်ဆောင်ကြလို့ ဘိုးလေးက ဝမ်းသာနေတာပါ။ ဘိုးလေးကို ကျေးဇူးတင်စရာမလိုပါဘူး။ ဘိုးလေးကတောင် ကျေးဇူးတင်နေတာပါ။ စာသင်ခန်းဆိုင်ရာ ယဉ်ကျေးမှုနဲ့ ဆက်နွှယ်တာလေးတွေ ပြောဖြစ်နေရတာကိုက ဘိုးလေး အတွက်အားတွေဖြစ်ရတယ်။ မြေးတို့တွေ ကျောင်းမှာရော၊ စာသင်ခန်း အတွင်းမှာပါ ဆရာ ဆရာမတွေနဲ့ ပြောဆိုဆက်ဆံကြတဲ့အခါ အခုလို ယဉ်ကျေးသိမ်မွေ့မှုရှိလာတယ်။

ကျောင်းခန်းထဲမှာ ကျောင်းသား ကျောင်းသူအချင်းချင်းဆက်ဆံတာ၊ စာအုပ်တွေကိုင်တွယ်တာကအစ ဒီထက်မက ပိုမိုပြီးတော့ ညင်သာလာမယ်၊ ပိုပြီးယဉ်ကျေးလာကြမယ်ဆိုရင် မြေးတို့ ကျောင်းသား ကျောင်းသူတွေအတွက် အများကြီးအကျိုးရှိတာပေါ့"

"ဟုတ်ကဲ့ပါ ဘိုးလေး"

"ဘိုးလေးလည်း ကျေနပ်ပီတိဖြစ်ရတာပေါ့။ မြေးတို့တွေကို ယဉ်ကျေးလိမ္မာကြတယ်လို့ အရပ်ထဲက ပြောလာတယ်၊ ဆရာ ဆရာမတွေကလည်း မြေးတို့ကို ယဉ်ကျေးလိမ္မာရှိကြတယ်လို့ပြောလာတယ်ဆိုတာကိုက မြေးတို့ကြိုးစားလိုက်နာကျင့်ဆောင်မှုရဲ့ အသီးအပွင့်ပဲ။ ပင်ပန်းရကျိုးနပ်တာပေါ့ကွယ်။ မြေးတို့ သုံးယောက်က စာသင်ခန်းထဲမှာပေးအပ်တဲ့ သင်ခန်းစာတွေကို လိုက်နာမှတ်သားကြတယ်၊ စာသင်ခန်းစည်းကမ်းတွေကိုလည်း လိုက်နာကြတယ်ဆိုရင် ဘိုးလေးလည်းကြည်နူးရသလို သက်ဆိုင်ရာ ဆရာ ဆရာမတွေကလည်း ကြည်နူးဝမ်းသာကြမှာပါပဲ"

"ဟုတ်ကဲ့ ဘိုလေး"

"ဆက်ပြောရရင် သွန်သင်ဆုံးမခံရတဲ့မြေးတို့လည်း ကိုယ့်ကိုယ်ကိုယ် ကျေနပ်မှုရှိရမှာပေါ့။ မြေးတို့တွေက လိမ္မာယဉ်ကျေးပြီးသားတွေပါပဲ။ ဒါပေမဲ့ ကလေးတွေဆိုတော့ သတိမမူမိတာလေးတွေရှိတတ်လို့၊ ဘိုးလေးက ပြောနေရတာ။ ဆရာ ဆရာမတွေဟာ မိဘနဲ့တစ်ဂိုဏ်းတည်းရှိပြီး အနန္တဂိုဏ်းဝင်ပုဂ္ဂိုလ်တွေဖြစ်တယ်ဆိုတာကို မြေးတို့ အနေနဲ့ အမြဲတမ်း နှလုံးသွင်းထားရမယ်နော်"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

"ဆရာ ဆရာမတွေဟာ မိဘနဲ့တစ်ဂိုဏ်းတည်းထားရမယ်လို့ မြေးတို့ကို ခဏခဏပြောနေရတာက အမြဲတမ်းသတိရှိနေအောင်လို့။ မိဘနဲ့ တစ်ဂိုဏ်းတည်းဆိုတော့ မိဘလိုဆက်ဆံတတ်အောင်၊ ကိုယ့်ရဲ့ မိဘလို သဘောထားလိုက်တဲ့အတွက် ရိုင်းပျတဲ့အပြုအမူတွေ၊ ရိုင်းပျတဲ့စကားအသုံးတွေ မပြောမိမလုပ်မိတော့ဘူးပေါ့ကွယ်။ နောက်ပြီး မိတ်ဆွေကောင်းတွေ၊ ဆရာသမားကောင်းတွေရှိနေရင် မိမိရဲ့ တစ်ဘဝလုံးမှာ အရာရာပြည့်စုံတယ်ကွယ့်။ မှတ်ထားကြဦးနော်"

ဘိုလေးကြွက်၏စကားအဆုံးမှာ မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ သုံးဦးသား မှတ်စုစာအုပ်ကိုယ်စီတွင် ရေးမှတ်လိုက်ကြသည်။

"ခုနက ဘိုးလေးပြောလိုက်တဲ့စကားက မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ညီတော်အာနန္ဒာကို မိန့်မှာခဲ့တာ။ မြေးတို့အတွက် အလွယ်ဆုံးဖြစ်အောင်ပြောပြမယ်။ နားထောင်ပြီးလိုက်မှတ်ကြပေါ့။

"ညီတော်အာနန္ဒာ၊ ဆရာသမားကောင်း၊ မိတ်ကောင်းဆွေကောင်း များနှင့် ပေါင်းဖော်ယှဉ်တွဲ အမှီသဟဲပြုရခြင်းသည် မိမိကြံစည်အောင်မြင်လိုသော လုပ်ငန်းစဉ်၏ ၁၀၀ ရာခိုင်နှုန်းဖြစ်သော ခရီးအဆုံးသို့ ရောက်ရှိပြီးစီးခြင်းနှင့် အလားသဏ္ဌာန်တူပေသည်။ ကောင်းသောဆရာ၊ ကောင်းသောအပေါင်းအဖော်ဟူသည် အောင်မြင်မှုအတွက် ရာခိုင်နှုန်းပြည့်၊ ၁၀၀ ရာခိုင်နှုန်းအထောက်အပံ့ဖြစ်စေသော စွမ်းအားရှိကြပေသည်ဟု မှတ်ယူလေ့" လို့ မိန့်မှာထားရှိတော်မူတယ်။ ဘိုးလေးတို့ကိုယ်တိုင်လည်း တစ်သက်လုံးမှတ်သားလိုက်နာခဲ့တယ်။ မြေးတို့လည်း တစ်သက်လုံး တစ်ဘဝလုံးစာအတွက် လိုက်နာမှတ်သားရမယ့် မြတ်စွာဘုရားရှင်ရဲ့ ဓမ္မလက်ဆောင်စကားပဲ"

"ဟုတ်ကဲ့ဘိုးလေး၊ မှတ်သားထားပါ့မယ်"

"ဆရာကောင်းရရှိသူဟာ ဘဝတစ်သက်လုံးမှာ ရာနှုန်းပြည့် အောင်မြင်မှုရရှိတယ်ဆိုတာကြောင့် မြေးတို့လို ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဆရာကောင်းရရှိဖို့ အရေးပါလာတော့တာပေါ့။ ဒီတော့ ဆရာကောင်းလိုချင်ရင် ကိုယ်ကိုယ်တိုင်ကလည်း ပညာတော်သူ၊ စည်းကမ်းကောင်းသူဖြစ်ပြီး လူတော်လူကောင်းဖြစ်နေရမယ်။ ယဉ်ကျေး သိမ်မွေ့တဲ့ကျောင်းသား ကျောင်းသူတွေဖြစ်နေရမယ်။ ဒီလို အင်္ဂါရပ်တွေနဲ့ပြည့်စုံနေရင် ဆရာကောင်း၊ ဆရာမကောင်းတွေနဲ့ တွေ့ဆုံကြရမှာပဲဆိုတာ အမြဲနှလုံးသွင်းထားရမယ်။ ဆရာ ဆရာမတွေ အားလုံးကတော့ ဆရာကောင်း၊ ဆရာမကောင်းတွေကြီးပါပဲ။ ကျောင်းသား ကျောင်းသူတွေကသာ စည်းကမ်းလိုက်နာ၊ စာသင်ခန်းကျင့်ဝတ်တွေကို လိုက်နာကျင့်ဆောင်ကြဖို့ပဲ လိုတာပါ။ ဒါကြောင့် စာသင်ခန်း ယဉ်ကျေးမှုတွေကို မပျက်မကွက်လိုက်နာကြဖို့ မြေးတို့ကိုယ်တိုင်က ဦးဆောင်လမ်းပြလိုက်နာမှုပြုကြရမယ်၊ ပြီးတော့ ကျောင်းသား ကျောင်းသူအချင်းချင်းကိုလည်း လက်ဆင့်ကမ်းမျှဝေပေးနိုင်ကြရမယ်နော်"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မြေးတို့တွေ ပြန်လည်မျှဝေပေါ့မယ်ဆိုတာ ကတိပေးပါတယ်"

"သာဓုပါကွယ်၊ သာဓု၊ သာဓု လိမ္မာယဉ်ကျေးကြပါပေတယ်"။

■

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

### သီလပါရမီ
### သီလသာလျှင်အမြတ်ဆုံး

"ဒါက ဘယ်လိုဖြစ်လာရတာလဲ"

"သူခိုးဖမ်းလာတာလေ"

"သူခိုးမဟုတ်ပါဘူး၊ ပညာရှိပုရောဟိတ်ကြီးလေ"

"အရင်ကတော့ ဟုတ်တန်ကောင်းပါရဲ့၊ ခုတော့ဗျာ ကျွန်ုပ်ရဲ့ ဒင်္ဂါးတွေကိုခိုးတဲ့ သူခိုးအစစ်ဗျ၊ လက်ပူးလက်ကြပ်ကိုမိတာ"

ပန်းထိမ်သည်က လမ်းတွင်တွေ့သမျှ မေးသမျှလူအပေါင်းအား အကြောင်းစုံကိုရှင်းလင်းပြောဆိုရင်း စက်ဆုပ်ရွံရှာစွာဖြင့် တံတွေးဖြင့်ထွေးလိုက်သည်။ ပုရောဟိတ်ကြီးသည် ပန်းထိမ်သည်ပြုသမျှနကာ ငြိမ်လျက်လိုက်ပါလာသည်။

"အမောင်တို့ ဒီမြွေနဲ့ မကစားသင့်ဘူး။ မြွေကိုက်ရင် ခက်ချည်ရဲ့ကွယ်"

"ဒီမြွေကမကိုက်ပါဘူး၊ ခုလို စိုးရိမ်ပေးတာ ကျေးဇူးပါ"

"ဟေ- မြွေဆိုတာ ကိုက်တဲ့အမျိုးမဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ ဒီမြွေက သီလရှိတဲ့အတွက်မကိုက်တာပါ"

"ဟုတ်လား၊ အံ့စရာပဲနော်။ မြွေက သီလရှိတယ်ဆိုတော့"

"မှန်ပါတယ်။ သီလရှိတဲ့မြွေဖြစ်လို့ ရန်မရှာတတ်ပါဘူး။ လူမှာသာ သီလရှိသူဆိုရင်တော့ အပြစ်ဆိုတာ မရှိတော့ဘူးပေါ့။ လောကမှာ သီလဟာအမြတ်ဆုံးပဲ။ သီလကို ဆောက်တည်ရမှာလည်းဖြစ်တယ်"

ပုရောဟိတ်ကြီးမှာ ကောင်းစွာသဘောပေါက်သွားတော့သည်။ ပန်းထိမ်သည်က သူခိုးအဖြစ် ကြိုးတုပ်ဖမ်းဆီးကာ ဘုရင့်ရှေ့တော်မှောက်သို့ခေါ်ဆောင်လာရာ လမ်းခရီးတွင်တွေ့မြင်ရသည့် အလမ္ပာယ်သမားတို့နှင့် ပြောဆိုခဲ့သည်များကို ပြန်တွေးရင်းလိုက်ပါလာခြင်းဖြစ်သည်။ ဘုရင်မင်းကြီး၏ ရှေ့တော်မှောက်သို့ရောက်ရှိလေရာ ဘုရင်မင်းမြတ်က အံ့အားသင့်လျက်ရှိချေတော့သည်။

"အဘယ်အကြောင်းများကြောင့် ဤသို့ဖြစ်လာရပါသနည်း"

မင်းကြီးအား ပန်းထိမ်သည်က ဖြစ်ကြောင်းကုန်စင် လျှောက်တင်လိုက်သဖြင့် အပြစ်မှာထင်ရှားပေါ်လွင်လျက်ရှိရာ မင်းကြီးက အပြစ်အလျောက်စီရင်ရန်အမိန့်ပေးလိုက်လေသည်။

"အရှင်မင်းကြီး သည်းခံတော်မူပါ။ ကျွန်တော်မျိုး သူခိုးမဟုတ်ပါ"

"သင်ဝန်ခံခဲ့ပြီပဲ"

"မှန်လှပါအရှင်မင်းကြီး ကျွန်တော်မျိုး ပန်းထိမ်သည်ဆီက ဒင်္ဂါးတို့ယူဆောင်ခဲ့သည်မှာ မှန်သော်လည်း ခိုးယူလိုခြင်းကြောင့်မဟုတ်ပါ။ ကျွန်တော်မျိုးစည်းစိမ်နှင့်စာလျှင် ဘာမျှမရှိပါ။ ကျွန်တော်မျိုးသိလိုသည့်ကိစ္စတစ်ခုကြောင့်သာ စမ်းသပ်လိုက်ခြင်းဖြစ်ကြောင်းပါ"

"အကြောင်းမှန်ကို လိုတိုရှင်း လျှောက်တင်ပေလော့"

"မှန်လှပါ၊ အရှင်မင်းကြီးက တလေးတစား ကျွန်တော်မျိုးကို မြှောက်စားချီးမြှင့်ခဲ့ပါတယ်။ ဒီလိုမြှောက်စား ချီးမြှင့်ခြင်းဟာ အမျိုးမြင့်မြတ်မှုကြောင့်လော၊ စီးပွားဥစ္စာပြည့်စုံကြွယ်ဝမှုကြောင့်လော၊ ပညာအရာ ပြည့်စုံမှုကြောင့်လော၊ ဒါမှမဟုတ် အကျင့်သီလကောင်းမှုကြောင့်လော၊ ဤဝိသေသတွေထဲက ဘယ်အရာကြောင့်များလဲဆိုတာ တွေးတောစရာရှိလာတဲ့အတွက် အဖြေမှန်ရရှိအောင် စူးစမ်းလိုတာကြောင့် ခုလိုဖြစ်စဉ်မျိုး ဖြစ်ရခြင်းပါ အရှင်မင်းကြီး"

"ဒီကိစ္စနဲ့ ခိုးမှုကကော ဘယ်လိုဆက်စပ်သလဲဆိုတာ လျှောက်တင်စမ်း"

"ကျွန်တော်မျိုးကို လေးစားမှုရှိပြီး တန်ဖိုးထားတဲ့ ပန်းထိမ်သည်ထံက ဒင်္ဂါးတို့ကို ယူဆောင်လာပါတယ်ဘုရား။ ပထမနေ့မှာ တစ်ပြား၊ ဒုတိယနေ့မှာ နှစ်ပြား၊ တတိယနေ့မှာ လက်တစ်ဆုပ်စာ ယူလာပါတယ်။ ဒီဒင်္ဂါးတွေဟာ ကျွန်တော်မျိုးရဲ့ ချမ်းသာကြွယ်ဝမှုနဲ့ယှဉ်လိုက်ရင် ဆီးစေ့နဲ့မြင်းမိုရ်တောင်တမျှကွာပါတယ်။ ဒါပေမဲ့ ပိုင်ရှင်မပေးဘဲယူမိတာကြောင့် တချိန်ကလေးစားခဲ့တဲ့ ပန်းထိမ်သည်က ရိုက်မောင်းပုတ်မောင်းလုပ်ကာ ကြိုးတုပ်ပြီး မင်းကြီးထံ ခိုးသူအဖြစ်ဖမ်းဆီးပို့ဆောင်တာခံရပါပြီ။ ဒီအခြင်းအရာကို ကြည့်ခြင်းအားဖြင့် သီလမရှိတဲ့လူဟာ ဘာမျှတန်ဖိုးမရှိတော့ဘူးဆိုတာ နားလည်သွားရပါပြီ။ သီလသာလျှင် တန်ဖိုးအရှိဆုံး၊ အမြတ်ဆုံးလို့သိရပါပြီ အရှင်မင်းကြီး"

"ဖြစ်မှုဖြစ်ရလေတယ် ပုရောဟိတ်ကြီးရယ်။ သင် တစ်သက်လုံးကောင်းခဲ့သမျှ အရာတွေက သီလပျက်လို့ ဒုက္ခတွေ့ရပြီပေါ့။ သီလရဲ့ဂုဏ်ကိုမှ ဘဝနဲ့ရင်းပြီး စမ်းသပ်ရတယ်လို့ကွယ်။ ဝဋ်ကြွေးကရှိနေပြီနဲ့တူပါတယ်"

"မှန်လှပါအရှင်မင်းကြီး၊ ဝဋ်ကြွေးရှိရင်လည်း ကျေကျေနပ်နပ်ခံယူလိုက်ပါပြီ။ ခုဘဝနဲ့တင်ကျေပါစေတော့လို့ ဆုတောင်းပါတယ်ဘုရား၊ ကျွန်တော်မျိုးအနေနဲ့ သီလနဲ့ပတ်သက်တဲ့ အသိတရားကို ထိုက်ထိုက်တန်တန် ရရှိသွားပါပြီ။ ဒါကြောင့်လည်း မြင့်မြတ်တဲ့သီလနဲ့သာ မွေ့ပျော်လိုတော့တာဖြစ်လို့ သည်းခံခွင့်လွှတ်ကာ ရသေ့ရဟန်းပြုခွင့်သာ ပေးသနားတော်မူပါ အရှင်မင်းကြီး ခင်ဗျား"

မင်းကြီးသည် ဆရာပုရောဟိတ်ကြီးဖြစ်ခဲ့ဖူးသည်ကတစ်ကြောင်း၊ တစ်ချိန်က သီလသမာဓိပညာတို့၏ကောင်းကွက်များကတစ်ကြောင်းတို့ကို ထောက်ရှု၍ ခွင့်လွှတ်သည်းခံလျက် ဆန္ဒအတိုင်း ခွင့်ပြုလိုက်လေတော့သည်။

သတိသံဝေဂကောင်းစွာရရှိသဖြင့် ရသေ့ရဟန်းမပြုမီ ပုရောဟိတ်ကြီးက အတိတ်ဖြစ်စဉ်အကြောင်းများကို ပြန်လည်တွေးတော ဆင်ခြင်လိုက်မိသည်။

"ပုရောဟိတ်ကြီး ကျန်းမာချမ်းသာပါ၏လော"

"မှန်လှပါ၊ အရှင်မင်းကြီးပို့သတဲ့ မေတ္တာကြောင့် စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာကြောင်းပါဘုရား"

"သာဓုပါ သာဓု သာဓု"

ဖြဟ္မဒတ်မင်းကြီး နန်းတော်သို့ခစားရောက်လာသည့် အချိန်တိုင်းတွင် ပုရောဟိတ်ကြီးကို တလေးတစား နှုတ်ခွန်းဆက်သည်။ မင်းကြီး၏အလေးဂရုပြုမှုကို အမြဲတမ်းခံရသည့်အတွက် ဘယ်အတွက်ကြောင့်များ မိမိအပေါ် ဤမျှလောက် ဂရုစိုက်လေသနည်းဟု ပုရောဟိတ်ကြီးက တွေးမိတော့သည်။ အမျိုးမြင့်မြတ်သူ၊ ပညာရှိသူ၊ ပစ္စည်းဥစ္စာကြွယ်ဝသူ၊ ကိုယ်ကျင့်သီလကောင်းမွန်သူဟူသည့် ဝိသေသများမှ မည်သည့် အကြောင်းအရာကြောင့်ဖြစ်သည်ကို သိလိုစိတ်ပြင်းပျကာ စမ်းသပ်မှုတစ်ခုပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်လေသည်။

ထို့အပြင် နန်းတွင်း နန်းပြင်၊ မြို့တွင်း၊ မြို့ပြင်တို့မှ ဂုဏ်သရေရှိပုဂ္ဂိုလ်များ၏ အထူးဂရုပြုလေးစားမှုကိုလည်း အပြည့်အဝရရှိထားလေရာ အမျိုးမြင့်မြတ်သူ၊ ပညာရှိသူ၊ ပစ္စည်းဥစ္စာကြွယ်ဝသူ၊ ကိုယ်ကျင့်သီလကောင်းမွန်သူဟူသည့် အခြင်းအရာများမှ မည်သည့်အရာကြောင့်ဖြစ်နေရသည်နှင့် မည်သည့်အရာကတန်ဖိုးအရှိဆုံး၊ အမွန်မြတ်ဆုံးဖြစ်သည်ကို ကိုယ်တိုင်စမ်းသပ်လုပ်ဆောင်မှုတို့မှ သိရှိလိုက်ရသည့်အခါ "သီလသည်သာအမြတ်ဆုံး" ဖြစ်ကြောင်း ဘဝနှင့်ရင်းကာ ရရှိသွားသည့် ပုရောဟိတ်ကြီး၏ ကိုယ်တွေ့သင်ခန်းစာပင်ဖြစ်ပေတော့သည်။ ။

■

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာမင်္ဂလာ

### ကျေးဇူးသိတတ်ရမယ်
### ကတညုတာစ။

"ရှေးကပြုဖူးသောသူ့ကျေးဇူးကိုသိတတ်၍ အခွင့်သင့်သောအခါ ပြန်ဆပ်တတ်ခြင်း၊ သူတစ်ပါးပြုဖူးသော ကျေးဇူးတို့ကို သိတတ်ခြင်း၊ သူတစ်ပါးကျေးဇူးကို သိတတ်ရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ရတယ်။

၃၈–ဖြာမင်္ဂလာကဗျာတွေရဲ့ သတ္တမမြောက်ကဗျာဖြစ်တဲ့ "စိတ်ထားရေးမင်္ဂလာငါးပါး"ထဲက နံပါတ်လေး မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့ သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာမှတ်သားကြရမယ့် မင်္ဂလာတရားတွေပေါ့ကွယ်။

ဟိုး.. ရှေးရှေးတုန်းအခါက...။

"အလို- မြေခွေးအော်သံစူးစူးကြားရတာ ဒုက္ခတစ်မျိုးမျိုးနဲ့ ရင်ဆိုင်နေရပြီထင်တယ်။ ငါမကယ်က သေဖွယ်ရာရှိတော့တယ်။ အသက်တစ်ချောင်း ကယ်တင်ကောင်းပါတယ်လေ"

စူးစူးဝါးဝါးအော်လိုက်တဲ့ မြေခွေးရဲ့အသံကိုကြားလိုက်ရတဲ့အချိန်မှာ နွားကျောင်းသားလုလင်က ကယ်တင်ရန်ဆုံးဖြတ်ပြီး အသံလာရာသို့ဒုန်းစိုင်းသွားတော့တယ်။ ရေကန်အနီးမှာ စပါးကြီးမြွေကြီးတစ်ကောင်က မြေခွေးကိုလည်ပင်းကနေစတင်ကာ တစ်ကိုယ်လုံးကိုရစ်ပတ်ဖမ်းဆီးထားလို့ မြေခွေးခမျာကြောက်လန့်ပြီး သံကုန်ဟစ်အော်အကူအညီတောင်းခံနေတာဖြစ်တယ်။

သီဟိုဠ်ကျွန်းရှိ ဒဏ္ဍာဂေါဏရွာမှာ ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်ပေါ့ကွယ်။ မြေခွေးတစ်ကောင်ဟာ တောထဲသို့အစာရှာသွားရောက်စဉ် မုဆိုးထောင်ထားတဲ့ ဆူးငြောင့်ကြောင့် မျက်လုံးတစ်ဖက်ကန်းသွားရတော့တယ်။ မျက်လုံးတစ်ဖက်ကမ်းတာကိုအကြောင်းပြုလို့ တစ်ဖက်ကမ်းမြေခွေးအဖြစ် အမည်တွင်လေသတဲ့။

"ဟယ် ဒီမြွေကတော့ကွာ တစ်ဖက်ကမ်းမြေခွေးကို ဖမ်းဖို့ကြိုးစားနေတယ်။ ချက်ချင်းလွှတ်လိုက်ပါ။ သူကဒုက္ခိတဖြစ်နေရတဲ့အထဲ မြွေပါ အမျိုခံရဦးမယ်ဆိုရင် မဖြစ်ဘူး၊ မဖြစ်သင့်ဘူး၊ မဖြစ်သင့်ပါဘူး"

နွားကျောင်းသားလုလင်ဟာ ပြောပြောဆိုဆိုနဲ့ ဝင်ရောက်ကယ်တင်ရာ မြွေကြီးကမြေခွေးကိုလွှတ်လိုက်ပြီး နွားကျောင်းသားကို




ဖမ်းဖို့ကြိုးစားတော့တာပေါ့။ မြေခွေးကလည်း နွားကျောင်းသားဟာ ငါ့ကိုကယ်လိုက်တဲ့ ငါ့ကျေးဇူးရှင်ပေပဲ။ ငါ့ကျေးဇူးရှင်ကို မြွေက ဖမ်းဖို့ကြိုးစားနေတာပဲ။ ငါလည်း တစ်လှည့်ပြန်ကယ်တင်ရပေမပေါ့လို့ တွေးကာ ကယ်တင်လေတော့တယ်။

"ကိုက်ဖြတ်တာတောင်မရပါလား၊ မြွေအရေက အတော်ထူတာပဲ။ ဘာဆက်လုပ်ရမလဲစဉ်းစားစမ်း၊ စဉ်းစားစမ်း၊ အချိန်မရှိဘူးနော် စဉ်းစားစမ်းပါ"

နွားကျောင်းသားကို ရစ်ပတ်နေတဲ့ မြွေကြီးကို မြေခွေးကကိုက်ဖြတ်ပေမယ့် မရနိုင်လို့ စဉ်းစားနေစဉ်မှာပဲ အကြံရလာတော့တယ်။ ငါ့ကျေးဇူးရှင်ကိုအမြန်ကယ်တင်အံ့လို့တွေးပြီး အနီးအနားမှာ လယ်ထွန်နေကြတဲ့ လယ်သမားတို့ထံသို့ အပြေးသွားကာ လယ်ကန်သင်းရိုးပေါ်မှာ တင်ထားတဲ့အဝတ်တွေကို ကိုက်ချီပြေးတော့တယ်။ လယ်သမားတို့က သူတို့အဝတ်တွေကို မြေခွေးချီပြေးတာကြောင့် မြေခွေးရဲ့ နောက်ကနေ လယ်သမားတို့က ထက်ကြပ်မကွာ လိုက်တော့တာပေါ့ကွယ်။

"ဝုတ် ဝုတ်ဝုတ် ဝုတ်"

နွားကျောင်းသားကို စပါးကြီးမြွေကြီးရစ်ပတ်ထားတဲ့နေရာကို ရောက်မှသာ အဝတ်တွေကိုချကာ မြေခွေးက အဆက်မပြတ် ထိုးဟောင်နေတော့တယ်။

"ဟာ– ဟိုမှာ မြွေကြီးက နွားကျောင်းသားကို ရစ်ပတ်ဖမ်းယူနေပါလား၊ မြေခွေးကတို့တစ်တွေကို အကူအညီပေးဖို့ လာခေါ်ပြောနေတာပဲ။ တိရစ္ဆာန်ကတောင်ကူညီရိုင်းပင်းဖို့ သိတတ်နေသေးတာ ငါတို့တွေ လူသားအချင်းချင်း ပိုပြီးရိုင်းပင်းကူညီသင့်တာပေါ့။ လာကြဟေ့ လာကြ၊ နွားကျောင်းသားကို အမြန်ဆုံး ကယ်တင်ကြရအောင်"

လယ်သမားတို့က ပြောပြောဆိုဆိုဖြင့် နွားကျောင်းသားလုလင်ကို မြွေကြီးရဲ့အန္တရာယ်မှ ကယ်တင်ပေးလိုက်ကြတယ်။ ဒီလိုကယ်တင်နိုင်လိုက်မှုကြောင့် နွားကျောင်းသားလည်း အသက်ချမ်းသာရာ ရရှိသွားတော့ တာပေါ့ကွယ်။

"မြေခွေးက မင်းကိုကယ်တင်လိုက်တာပဲ။ မင်းကမြေခွေးကို ကယ်တင်ခဲ့လို့ မြေခွေးကလည်း ပြန်လည်ကယ်တင်လိုက်တာလို့ဆိုရမယ်။ ပြုခဲ့ဖူးတဲ့ကျေးဇူးတရားကို လူမှမဟုတ်ဘူး တိရစ္ဆာန်ကတောင် သင့်တင့်လျောက်ပတ်တဲ့အချိန်မှာ ပြန်လည်ပေးဆပ်ရမယ်ဆိုတာ နားလည်တယ်နော်"

နွားကျောင်းသားအနီးမှာမြေခွေးက ထိုင်စောင့်နေလေရာ သူတစ်ပါးပြုဖူးသောကျေးဇူးတရားကို သိတတ်ကာအကြောင်းကြောင်းကြောင့် ပြန်လည်ကျေးဇူးဆပ်ခွင့်ကြုံရတဲ့အခါ တစ်လှည့်ပြန်လည်ကျေးဇူးဆပ်ခြင်းဟာ "ကတညုတမင်္ဂလာ" နဲ့ပြည့်စုံတာဖြစ်လို့ ဆင်းရဲကင်းပြီး ချမ်းသာသုခကိုရရှိကာ မြေခွေးနဲ့ နွားကျောင်းသားတို့ဟာ အဆွေခင်ပွန်းကောင်းအဖြစ် အသက်ထက်ဆုံးနေထိုင်သွားကြလေတော့သတဲ့ကွယ်။

ကတညုတာစ။

"ရှေးကပြုဖူးသောသူ့ကျေးဇူးကိုသိတတ်၍ အခွင့်သင့်သောအခါ ပြန်ဆပ်တတ်ခြင်း၊ သူတစ်ပါးပြုဖူးသော ကျေးဇူးတို့ကို သိတတ်ခြင်း၊ သူတစ်ပါးကျေးဇူးကိုသိတတ်ရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ဖော်ဆောင်တဲ့ နိပါတ်တော်လာ မှတ်သားစရာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့ သမီးတို့ မောင်တို့ မယ်တို့အတွက်သာမက လူတိုင်းလူတိုင်း အသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "စိတ်ထားရေးမင်္ဂလာ"နည်းနာ တွေပေါ့ကွယ်။ ။

■


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
